# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။

Established 1914

၁၃၆၈ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၀ ရက်၊ ၂၀၀၆ ခုနှစ်၊ ဇူလိုင် ၁၉ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ (၄၅)၊ အမှတ် (၂၈၉)


**နိုင်ငံရေးဦးတည်ချက်(၄)ရပ်**

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေးဦးတည်ချက်(၄)ရပ်**

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေးဦးတည်ချက်(၄)ရပ်**

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း

# အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ နှင့် ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်တို့မှ အဖွဲ့ဝင်များအားလက်ခံတွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၁၈**

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းသည် အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့(IMF)မှ Deputy Division Chief, Mr. Leslie Teo Eng Sipp ခေါင်းဆောင်သော အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့မှ အဖွဲ့ဝင်များ၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်နှင့် SEA Group တို့မှ အဖွဲ့ဝင်များအား ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ဝန်ကြီးချုပ်ရုံးဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

**တက်ရောက်**

ထိုသို့လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်အတူ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးမောင်မြင့်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌဦးကျော်ကျော်မောင်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိုးဝင်းတို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**



# ရှမ်းပြည်နယ်တစ်ခွင်လုံး ဖွံ့ဖြိုးတိုးတက်မှုများ တစ်ယူသန်အဖျက်သမားများ အမှန်အတိုင်း မရှုမြင်နိုင်သေး နိုင်ငံတော်အစိုးရကို နိုင်ငံရေးလုပ်ကြံဖန်တီးမှုများဖြင့် နိုင်ငံတကာအထင်အမြင်လွဲအောင် လုပ်ကြံစွပ်စွဲပြောဆိုတိုင်းတစ်ပါး၏ မြှောက်ပင့်ပေးမှုကို ခံယူနေရသည့်ဘဝတွင် သာယာမိန်းမောနေမည့်အစား နိုင်ငံတကာဖြစ်ရပ်များကို ဓမ္မဓိဋ္ဌာန်ကျကျ သုံးသပ်ရှုမြင်ပြီး မိမိတို့ဘဝအခြေအနေမှန်ကို ပြန်လည်စဉ်းစားသင့်သည့် အခြေအနေရောက်ရှိနေ

**နေပြည်တော် ဇူလိုင် ၁၈**

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့နယ်ရှိ အေးသာယာမြို့၌ တည်ဆောက်ပြီးစီးသွားသည့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန စက်မှုနှင့်သက်မွေးပညာဦးစီးဌာန အစိုးရနည်းပညာကောလိပ်(အေးသာယာ) ပင်မသုံးထပ် ကျောင်းဆောင်သစ် ဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၁၇ ရက် နံနက် ၉ နာရီတွင် အဆိုပါ နည်းပညာကောလိပ်(အေးသာယာ)၌ ကျင်းပရာ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ အားပေးချီးမြှင့်ပြီး ကမ္ပည်းမော်ကွန်းကြေးပြားကို စက်ခလုတ်နှိပ်ကာ ဖွင့်လှစ်ပေးသည်။ ***စာမျက်နှာ ၄ ကော်လံ ၁*** ●



**ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့နယ်ရှိ အေးသာယာမြို့၌ တည်ဆောက်ပြီးစီးသွားသည့် အစိုးရနည်းပညာကောလိပ် (အေးသာယာ) ပင်မသုံးထပ်ကျောင်းဆောင် သစ် ကို တွေ့ရစဉ်။** (သတင်းစဉ်)

**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။**

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၆ ခုနှစ်၊ ဇူလိုင် ၁၉ ရက်)

# ငြိမ်းချမ်းရေးတံခါးဖွင့်၍ လက်ကမ်းကြိုဆိုနေ

ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် တိုင်းရင်းသားလူမျိုးစု ၁၀၀ကျော် ချစ်ကြည်ရင်းနှီးစွာ အတူတကွ ပူးပေါင်းနေထိုင်ကြသည့် နိုင်ငံဖြစ်သည်။

ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော ဒို့တာဝန်အရေးသုံးပါးသည် ပြည်ထောင်စုသားတိုင်း ထိန်းသိမ်းစောင့်ရှောက် သွားရမည့် အမျိုးသားရေးတာဝန်ဖြစ်သည်။

နိုင်ငံတော်အစိုးရသည် နိုင်ငံ့တာဝန်ယူစဉ်အချိန်မှစ၍ တိုင်းရင်းသား စည်းလုံးညီညွတ်မှု ရရှိစေရန် ခိုင်မာသည့် သန္နိဋ္ဌာန်ဖြင့် ကြိုးပမ်းဆောင်ရွက်ခဲ့ရာ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့(၁၇)ဖွဲ့နှင့် အခြားအဖွဲ့ငယ်များသည် ဥပဒေဘောင်အတွင်း ဝင်ရောက်လာလျက်ရှိကြသည်။

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များသည် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို နိုင်ငံတော် အစိုးရနှင့်အတူ လက်တွဲဆောင်ရွက်ခဲ့ကြရာ ယခင်က ဖွံ့ဖြိုးမှုနောက်ကျနေခဲ့ရသည့်ဒေသများ အလျင် အမြန် ဖွံ့ဖြိုးတိုးတက်လာခဲ့သည်။

နှစ်ပေါင်းများစွာ ကျီးလန့်စာစားနေကြရသည့် ဒေသခံတိုင်းရင်းသားပြည်သူများ၏ဘဝသည်လည်း ယခုအခါ လုံခြုံအေးချမ်းစွာဖြင့် လူနေမှုအဆင့်အတန်း မြင့်မားတိုးတက်လာလျက်ရှိသည်။ နှစ်ပေါင်း ၅၀ ကျော်ဆုံးရှုံးခဲ့ရသည့် အေးချမ်းသာယာခြင်း၏အကျိုးတရားများကို ရရှိခံစားနေကြရပြီဖြစ်သည်။

နိုင်ငံတော်အစိုးရ၊ တိုင်းရင်းသားပြည်သူများနှင့် တပ်မတော်၏ စေတနာမှန်နှင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ချက်များကို နားလည်ယုံကြည်လာသည့်အတွက် ရှမ်းပြည်တပ်မတော် (တောင်ပိုင်း) (SSA-S) (ရွက်ဆစ်အဖွဲ့)မှ ဒုစစ်ဦးစီးချုပ်အဆင့်ရှိ တပ်မဟာ(၇၅၈) တပ်မဟာမှူး ဦးမိန်းစင်ဦးစီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ဝင် အင်အား ၈၄၈ဦးသည် လက်နက်ကြီးမျိုးစုံ ၂၄လက်၊ လက်နက်ငယ်မျိုးစုံ ၈၃၄လက်၊ ကျည်ကတ်မျိုးစုံ ၁၉၉၀၊ ခဲယမ်းမျိုးစုံ ၁၅၇၉၇၁တောင့်၊ လက်ပစ်ဗုံး ၅၅လုံး၊ မိုင်း ၆၃လုံး၊ ဆက်သွယ်ရေးစက်ကြီး ၁၅လုံးနှင့် လမ်းလျှောက်စကားပြောစက် ၁၂၀တို့နှင့်အတူ လက်နက်ကိုင်လမ်းစဉ်ကိုစွန့်လွှတ်၍ ဥပဒေဘောင်အတွင်းသို့ဝင်ရောက်လာခြင်း အခမ်းအနားကို ဇူလိုင်လ ၁၆ရက်နေ့က ရှမ်းပြည်နယ်(တောင်ပိုင်း) လဲချားမြို့ရှိ သီရိဟံသာခန်းမ၌ ကျင်းပခဲ့သည်။

၎င်းတို့အဖွဲ့သည် (SSA-S) (ရွက်ဆစ်အဖွဲ့)၏ မူးယစ်ဆေးဝါးထုတ်လုပ်ရောင်းဝယ်မှုနှင့် ပြည်သူလူထုအပေါ်အကြမ်းဖက် အဖျက်လုပ်ရပ်များ ကျူးလွန်နေခြင်းများကို မလိုလားသဖြင့် ဥပဒေဘောင် အတွင်း ဝင်ရောက်လာခဲ့ကြခြင်းဖြစ်ရာ နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော်တို့က လှိုက်လှဲနွေးထွေးစွာ ကြိုဆိုခဲ့ကြသည်။

နိုင်ငံတော်က ၎င်းတို့အဖွဲ့၏ စားဝတ်နေရေးအတွက် လိုအပ်သည်များကို ပံ့ပိုးဖြည့်ဆည်းပေးခဲ့ သည်။ ၎င်းတို့အဖွဲ့ကလည်း နိုင်ငံတော်၏ကျေးဇူးကို တုံ့ပြန်သည့်အနေဖြင့် နိုင်ငံတော်လုံခြုံအေးချမ်း ရေး၊ တည်ဆောက်ရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပြည်သူတို့နှင့်အတူ ပူးပေါင်းဆောင်ရွက် သွားကြမည်ဖြစ်သည်။

နိုင်ငံတော်အစိုးရအနေဖြင့် စေတနာမှန်၊ စိတ်ရင်းမှန်ဖြင့် ရိုးသားဖြူစင်စွာ ငြိမ်းချမ်းရေးတံခါးကို ဖွင့်လှစ်ထားရာ လက်ကျန်သောင်းကျန်းသူအဖွဲ့များသည် ပြည်ပဆရာကြီးများ၏ သွေးထိုးမြှောက်ပင့်မှု၊ ပစ္စည်း၊ ငွေကြေးများပေးပြီး စည်းရုံးသိမ်းသွင်းမှုများကို နားမယောင်ဘဲ ဥပဒေဘောင်အတွင်း ဝင်ရောက်လာပါက နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော်တို့က လှိုက်လှဲနွေးထွေးစွာ လက်ကမ်းကြိုဆို မည်သာ ဖြစ်ပေသည်။ ။

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

# အင်ဒိုနီးရှားဂျာဗားခ၌ မြေငလျင်လှုပ် ဆူနာမီဒီလှိုင်းများဖြစ်ပေါ်ခဲ့

**ဂျကာတာ ဇူလိုင် ၁၈**

အင်ဒိုနီးရှားနိုင်ငံ အနောက်ဂျာဗားပြည်နယ်မှ အနောက်တောင်ဘက် မိုင် ၁၅၀ အကွာ အိန္ဒိယသမုဒ္ဒရာရေပြင် အောက်၌ ဗဟိုပြု၍ ဇူလိုင်၁၇ ရက်က အင်အား ၇ဒသမ၂ရှိ ငလျင်လှုပ်ခတ်သွားသောကြောင့် ဆူနာမီဒီလှိုင်းများ ဖြစ်ပေါ်ခဲ့ကြောင်း မိုးလေဝသဌာနမှ ပြောကြားသည်။

### ပြောကြား

ယင်းငလျင်ကြောင့် ဂျာဗားကျွန်း၌ အနည်းဆုံးလူ ၃၀၀ ကျော်သေဆုံးသွားပြီးဖြစ်သည်။ ဆူနာမီလှိုင်းများ တက်လာပြီးနောက် ကမ်းခြေရှိ ဟိုတယ်များနှင့် လူနေအိမ်များပျက်စီးသွားခဲ့ကြောင်း မျက်မြင်သက်သေများကပြော ကြားသည်။ ရေလှိုင်းများရိုက်ခတ်မှုကြောင့် ရေလှိုင်းများနောက်ပါသွားသော လူများအားရှာဖွေရေးနှင့် ကယ်ဆယ် ရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်နေရကြောင်း ဒေသဆိုင်ရာအာဏာပိုင်များက ပြောကြားသည်။

### ဖော်ပြထား

ထို့အပြင် ဩစတြေးလျနိုင်ငံရှိ ခရစ္စမတ်ကျွန်းတွင်လည်း ဆူနာမီလှိုင်းများဖြစ်ပေါ်ခဲ့သည်။ ပျက်စီးမှုနှင့်သေဆုံးမှု မသိရသေးကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြထားသည်။

**အမ်အင်အေ၊ဆင်ဟွာ**

# နီပေါနိုင်ငံအနောက်ပိုင်း၌ ရေလွှမ်း၊ မြေပြိုမှုများဖြစ်ပွား

ခတ္တမန္ဒူ ဇူလိုင် ၁၈

**နီပေါနိုင်ငံတွင် ယခုရက်ပိုင်းအတွင်း မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် နီပေါနိုင်ငံအနောက်ပိုင်း ကာစကီခရိုင်တွင် မြေပြိုမှုများ ဖြစ်ပွားကာ ကျေးရွာပေါင်း ၁၃ ရွာ ရေလွှမ်းခံခဲ့ရကြောင်း ကင်တီပူရာ သတင်းဌာနက ဇူလိုင် ၁၆ ရက်၌ သတင်းထုတ်ပြန်လိုက်သည်။**

ထိုရေလွှမ်းမှုနှင့် မြေပြိုမှုများဖြစ်ပွားရာ ဒေသများသို့ အကူညီပေးရေး တပ်ဖွဲ့ဝင် ၂၀၀ခန့်က အရေးပေါ် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ လောလောဆယ်တွင် အမျိုးသားငါးဦး၊ အမျိုးသမီး ငါးဦးနှင့် ကလေးငယ်ခုနစ်ဦးတို့၏ ရုပ်အလောင်းများကို ရှာဖွေတွေ့ရှိခဲ့ကြောင်း အဆိုပါ သတင်း၌ ဖော်ပြထားသည်။

### အိပ်မောကျနေ

အခြား သေဆုံးသူများ ရှိနိုင်ကြောင်း၊ မြေပြိုမှုဖြစ်ပွားချိန်မှာ ကျေးရွာများ၌ နေထိုင်သူများ အနေဖြင့် အိပ်မောကျနေသည့်အချိန်ဖြစ်ကြောင်း သိရသည်။ အဆိုပါ ကျေးရွာများမှာ နီပေါနိုင်ငံ ပေါ့ဟာရာဘာဂလမ်အဝေး ပြေးကားလမ်းမကြီးမှ လေးနာရီခန့် လမ်းလျှောက်သွားရသည့်အကွာအဝေးတွင် တည်ရှိကြောင်း၊ ခတ္တမန္ဒူမြို့မှ အနောက်ဘက် ကီလိုမီတာ ၂၀၀ခန့် အကွာ၌ရှိကြောင်း သိရသည်။

### ကယ်ဆယ်ရေးစခန်းဖွင့်

မြေပြိုမှုကြောင့် နေအိမ် ၂၄ လုံးခန့် ပျက်စီးသွားပြီး ၎င်းအိမ်များမှ လူ ၅၀ခန့် မြေပြိုဒဏ်ခံခဲ့ရကြောင်း၊ အဆိုပါ ကျေးရွာသားများ၏ အခြေအနေမှာ စိုးရိမ်ဖွယ်ဖြစ်ကြောင်း၊ ရေလွှမ်းမှုနှင့် မြေပြိုမှုဒဏ်ခံရသည့် ကျေးရွာသားများအား အရေးပေါ်ကယ်ဆယ်ရေးစခန်းဖွင့်ကာ ကူညီပေးထားကြောင်းလည်း သိရသည်။

**အမ်အင်အေ၊ဆင်ဟွာ**

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

## မြဝတီရုပ်မြင်သံကြား

**၁၉-၇-၂၀၀၆**
**(ဗုဒ္ဓဟူးနေ့)**

### နံနက်ပိုင်း

| | | |
|---|---|---|
| ၇း၀၀ | ၁။ | မြဝတီအဖွင့် |
| ၇း၀၅ | ၂။ | အဖွင့်သီချင်း |
| ၇း၁၀ | ၃။ | မျိုးချစ်တပ်မတော် |
| ၇း၁၅ | ၄။ | ကျန်းမာရွှင်လန်း ယောဂအစွမ်း |
| ၇း၂၀ | ၅။ | မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း |
| ၇း၃၀ | ၆။ | မြန်မာသံစဉ်ချိုနားဝင် |
| ၇း၄၅ | ၇။ | မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ် |
| ၇း၅၀ | ၈။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| ၈း၀၀ | ၉။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၈း၁၀ | ၁၀။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |

### ညပိုင်း

| | | |
|---|---|---|
| ၄း၀၀ | ၁။ | မြဝတီအဖွင့် |
| ၄း၀၅ | ၂။ | အဖွင့်သီချင်း |
| ၄း၁၅ | ၃။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| ၄း၂၀ | ၄။ | ရင်မှာစွဲလမ်းတော်ဝင်ပန်း |
| ၄း၅၀ | ၅။ | မျိုးချစ်တပ်မတော် |
| ၅း၁၀ | ၆။ | ကျန်းမာကြံ့ခိုင်ဒို့နိုင်ငံ |
| ၅း၂၀ | ၇။ | ရင်ခုန်စီးဆင်းအချစ်သီချင်း |
| ၅း၃၀ | ၈။ | မြတ်နိုးကြစေအမျိုးသားအမွေ |
| ၅း၄၀ | ၉။ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၆း၀၀ | ၁၀။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၆း၁၀ | ၁၁။ | နိုင်ငံတကာသတင်း |
| ၆း၂၀ | ၁၂။ | မိုးလေဝသသတင်း |
| ၆း၂၅ | ၁၃။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| ၆း၃၅ | ၁၄။ | လျှပ်တစ်ပြက် |
| ၇း၀၀ | ၁၅။ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မြက်ခင်းစိမ်းနဲ့ အိမ်ကလေး"** (အပိုင်း-၄၇) |
| ၈း၀၀ | ၁၆။ | မြဝတီရုပ်မြင်သံကြားသတင်း |
| | ၁၇။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| | ၁၈။ | English Usage |
| | ၁၉။ | ဗွီစီဒီကျော်ကြားတေးများ |
| | ၂၀။ | အရှင်ဇနကာဘိဝံသ ထေရုပ္ပတ္တိ **"စည်းမျဉ်း(၁၀)ချက် မဟာဂန္ဓာရုံအသက်"** |
| | ၂၁။ | ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင် |
| | ၂၂။ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မြိုင်ဟောဝန်က သိုင်းလုလင်"** (ဒုတိယတွဲ) (အပိုင်း-၈) |

## ကြေးသွန်းဘုရားဂေါပကအဖွဲ့ ဝါဆိုသင်္ကန်းကပ်လှူမည်

**ရန်ကုန် ဇူလိုင် ၁၈**

ဗဟန်းမြို့နယ် ကြားတောရလမ်းရှိ မဟာဇေယျ အတုလမာရဇိန် ကြေးသွန်းဘုရားကြီး၏ ဂေါပကအဖွဲ့နှင့် အလှူရှင်များ စုပေါင်း၍ အကြိမ် (၉၀)မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ၁၃၆၈ ခုနှစ် ဝါဆိုလပြည့်ကျော် ၁၄ ရက် (ဇူလိုင် ၂၃ ရက်) တနင်္ဂနွေနေ့ နံနက် ၁၀ နာရီတွင် ကြေးသွန်းဘုရားဂေါပကရုံးခန်းတွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**(က-ပ)**

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၁၉-၇-၂၀၀၆**
**(ဗုဒ္ဓဟူးနေ့)**

| | |
|---|---|
| ၇း၀၀ | MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ် |
| ၇း၀၅ | မေးကြည့် ဖြေကြည့်ပဟေဠိ |
| ၇း၂၅ | နိုင်ငံတကာ အနုပညာရေးရာ (ဇင်အောင်အောင်၊ စုမြတ်မွန်) |
| ၇း၅၀ | ပြည်တွင်းသတင်းအကျဉ်း |
| ၈း၀၀ | တေးဂီတအစီအစဉ် |
| ၈း၀၅ | မိုးလေဝသခန့်မှန်းချက် |
| ၈း၁၀ | Myanmar Video Rhythm |
| ၈း၅၀ | တေးဂီတအစီအစဉ် |
| ၈း၅၅ | နိုင်ငံတကာသတင်းအကျဉ်း |
| ၉း၀၀ | ငွေကြယ်ပွင့်တို့ရဲ့ဖြစ်တည်မှု (ဖြိုးကြီးနှင့် သူ၏ အနုပညာခရီးလမ်း) |
| ၉း၄၀ | ရှားပါးသော ရေချိုရေငန်စပ်မိကျောင်းများ (အပိုင်း-၂) |
| ၉း၄၅ | တေးဂီတအစီအစဉ် |
| ၉း၅၀ | လက်တွေ့အသုံးဝင် ခြံစည်းရိုးကြက်ဆူပင် (ဧရာဝတီတိုင်း) |
| ၁၀း၀၀ | ချစ်သောမြေ၊ ချစ်သောရေ (ရာဇာနေဝင်း၊ ခိုင်နှင်းဝေ) |
| ၁၀း၀၅ | ပြည်တွင်းသတင်းအကျဉ်း |
| ၁၀း၁၅ | MRTV-4 စာအုပ်စင်ကဏ္ဍ (စာရေးဆရာမြင်းမူ မောင်နိုင်မိုး) |
| ၁၀း၂၀ | တေးဂီတအစီအစဉ် |
| ၁၀း၃၅ | စက်သုံးဆီ ချွေတာဖို့ သဘာဝဓာတ်ငွေ့သုံးကြစို့ |
| ၁၀း၅၀ | ပရိတင်းဓာတ် ကြွယ်ဝဖို့ ငါးအသားလွှာစားကြစို့ |
| ၁၁း၀၅ | တေးဂီတအစီအစဉ် |
| ၁၁း၁၀ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၁း၁၅ | သီးနှံအထွက်တိုးစေမည့် ရာသီပြောင်းစက်များ |
| ၁၁း၃၅ | တေးဂီတအစီအစဉ် |
| ၁၁း၄၀ | လေ့လာမှတ်သားစေရန် ဘောလုံးအားကစားအခြေခံ |
| ၁၂း၀၀ | MRTV-4 အပိတ် Logo |

**အထက်ပါငါးနာရီစာ အစီအစဉ်များကို ည၂၃း၀၀နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။**

# တောင်ကိုရီးယား၌ မိုးသည်းထန်စွာရွာသွန်း

**ဆိုးလ် ဇူလိုင် ၁၈**

တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့၌ မိုးများသည်းထန်စွာ ရွာသွန်းခဲ့သဖြင့် လူအနည်းဆုံး ၁၀ဦးသေဆုံးပြီး ၁၇ဦး ပျောက်ဆုံးနေကြောင်း အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့များက ပြောကြားသည်။

လူပေါင်း ၂၀၀၀ခန့်နေအိမ်များကို စွန့်ခွာထွက်ပြေးကြရပြီး အရေးပေါ်တဲများ ထိုးနေကြရသည်ဟု ဆိုသည်။

ထိုမိုးသည်းထန်နေမှုကြောင့် မြို့တော်ဆိုးလ်သည် လာမည့်ရက်များအတွင်း ထိခိုက်ပျက်စီးမှုများဖြစ်လာနိုင်ကြောင်း မိုးလေဝသကျွမ်းကျင်သူများက ခန့်မှန်းထားသည်။ သေဆုံးသူ ၁၀ဦးမှာ ဆိုးလ်မြို့ အရှေ့ဘက် ၁၀၂မိုင်အကွာ အင်ဂျီဒေသနှင့် ဖေရှန်ချန်းဒေသတို့မှဖြစ်ပြီး မြေပြိုခဲ့သဖြင့် သေဆုံးရခြင်းဖြစ်ကြောင်း အတည်ပြုထားသည်ကို အေပီသတင်းများက ကိုးကားဖော်ပြသည်။

**(အင်တာနက်)**

## မြန်မာ့ရုပ်မြင်သံကြား

**၁၉–၇–၂၀၀၆ ရက်**
**(ဗုဒ္ဓဟူးနေ့)**
**နံနက်ပိုင်း**

၇း၀၀ ၁။ အဘိဓေ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်း သာသနာပြုဆရာတော်ကြီး ဦးဉတ္တမသာရ၏ ပရိတ်တရားတော်
၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
၇း၅၀ ၅။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
၈း၀၀ ၆။ အတီးပြိုင်ပွဲ
၈း၁၅ ၇။ လယ်ယာစီးပွားမြင့်မားစေရန် ပဒဲရေလှောင်တမံ
၈း၂၀ ၈။ အကပြိုင်ပွဲ
၈း၃၀ ၉။ International News
၈း၄၅ ၁၀။ Let's Go
၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

**ညပိုင်း**

၁၆း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၁၆း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၁၆း၃၀ ၃။ Practice in Reading
၁၆း၄၅ ၄။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ်(ရူပဗေဒအထူးပြု) [ရူပဗေဒ]
၁၇း၀၀ ၅။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာ တေးသံသာ
၁၇း၁၅ ၆။ မြန်မာစာ မြန်မာစကား
၁၇း၂၀ ၇။ သီချင်းကြီးပဒေသာ
၁၇း၃၅ ၈။ **"ချစ်သောမြေ ချစ်သောရေ"** ရာဇာနေဝင်း၊ ခိုင်နှင်းဝေ (ဒါရိုက်တာ–ခင်နွဲ့နွဲ့မူ)
၁၇း၄၅ ၉။ ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
၁၈း၀၀ ၁၀။ ညနေခင်းသတင်း
၁၈း၃၀ ၁၁။ မိုးလေဝသအခြေအနေ
၁၈း၃၅ ၁၂။ သုတစုံလင် ရွှေဉာဏ်ရှင်
၁၉း၀၅ ၁၃။ အကပြိုင်ပွဲ
၁၉း၁၅ ၁၄။ တေးဂီတအစီအစဉ်
၁၉း၃၀ ၁၅။ အရေးပြိုင်ပွဲ
၁၉း၄၀ ၁၆။ ကြားမြင်သုတပြည့်ဝစေရာ စာပဒေသာ
၂၀း၀၀ ၁၇။ ပြည်တွင်းသတင်း
၁၈။ နိုင်ငံတကာသတင်းများ
၁၉။ မိုးလေဝသအခြေအနေ
၂၀။ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ကြီးကြပ်မှုဖြင့် ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့မှစီစဉ်တင်ဆက်သော ၂၀၀၆ခုနှစ် ဇူလိုင်လ၃ရက် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် မြန်မာအမျိုးသမီးများ ဝတ်စားဆင်ယင်ထုံးဖွဲ့မှုပြပွဲ (အပိုင်း–၁)
၂၁။ နောက်တစ်နေ့အစီအစဉ်
၂၂။ အစီအစဉ်ပြီး၏။



ဇူလိုင် ၁၈ ရက်က နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့မှ Deputy Division Chief, Mr. Leslie Teo Eng Sipp အား နေပြည်တော်ရှိ ဝန်ကြီးချုပ်ရုံး ဧည့်ခန်းမ၌ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်း–ရွှေဖုံး) (သတင်းစဉ်)

# ခြံစည်းရိုးကြက်ဆူပင်များအောင်မြင်အောင် ဖိဖိစီးစီးတိုးတက်စိုက်ပျိုး နိုင်ငံတော်၏ ကြွယ်ဝသောမြေသယံဇာတများ ဖော်ထုတ်အသုံးချကြိုးပမ်း ထုတ်လုပ်သော ဇီဝဒီဇယ်ဆီနှင့် သီးထပ်စိုက်ပျိုးရေး အပြည့်အဝလုပ်ကိုင်

ရန်ကုန် ဇူလိုင် ၁၈

**ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူးကျင်းပသော ခြံစည်းရိုးကြက်ဆူပင် နည်းပညာဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက် ၇ နာရီခွဲတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း ဦးဘလွင်ခန်းမ၌ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက်၍ ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးနည်းပညာ၊ ဇီဝဒီဇယ်ဆီထုတ်လုပ်ခြင်းနည်းပညာ လက်တွေ့ပြသမှုကို ကြည့်ရှုအားပေးသည်။**

## တက်ရောက်

အလုပ်ရုံဆွေးနွေးပွဲသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ် လှဌေးဝင်းနှင့် တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဦးတင်စိုး၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် ကွပ်ကဲမှုအောက်ရှိ တပ်နယ်မှူးများ၊ တပ်ရင်းတပ်ဖွဲ့မှူးများ၊ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်းက အဖွင့်အမှာစကားပြောကြားရာတွင် ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးရေး ပေါ်ပေါက်လာသည်နှင့် စပ်လျဉ်း၍ ပြောရမည်ဆိုလျှင် ကမ္ဘာ့ရေနံထွက်ရှိသည့်နိုင်ငံများ၌ ရေနံစိမ်းသည် ရှားပါးလာကြောင်း၊ နောင်နှစ် ၄၀–၅၀ ခန့်ဆိုလျှင် မြေအောက်ရေနံ သယံဇာတများသည် ကုန်ခန်းသွားမည်ဟု ပညာရှင်များက ခန့်မှန်းလာကြကြောင်း၊ ယနေ့ရေနံက ထွက်ရှိသည့် ဒီဇယ်ဆီတစ်ဂါလန်ဈေးနှုန်းသည်လည်း အဆမတန်မြင့်တက်နေကြောင်း၊ တချို့နိုင်ငံကြီးများသည် ရေနံကို နိုင်ငံရေးလက်နက်သဖွယ် အသုံးပြုလာကြသည့်အတွက် ဖွံ့ဖြိုးဆဲနိုင်ငံအချို့မှာ အခက်အခဲကြုံတွေ့နေကြရကြောင်း၊ ထို့အပြင် ကမ္ဘာ၌ ရေနံသုံးစွဲမှုနှုန်းသည်လည်း တဖြည်းဖြည်း မြင့်တက်လာနေကြောင်း၊ ဤအကြောင်းအရင်းများကြောင့် ကမ္ဘာ့နိုင်ငံအသီးသီးတွင် မြေအောက်ကထွက်သည့် ဓာတုဒီဇယ်ဆီနေရာကို အစားထိုးရန် မြေပေါ်သစ်ပင်များကရရှိနိုင်သည့် ဘိုင်အိုဒီဇယ်ဆီကို စူးစမ်းရှာဖွေလာကြကြောင်း၊ အပင်က ရရှိနိုင်သည့် ဘိုင်အိုဒီဇယ်မှာ အပင်ကို ရှင်သန်ဖြစ်ထွန်းအောင် စိုက်ပျိုးပြုစုထိန်းသိမ်းနေနိုင်သ၍ ဘယ်တော့မှ ကုန်ခန်းမသွားနိုင်သည်ကို တွေ့ရကြောင်း။

ယင်းသို့ သစ်ပင်များက ရရှိနိုင်သည့် ဘိုင်အိုဒီဇယ်ကို ထုတ်လုပ်နိုင်ရန် စူးစမ်းရှာဖွေကြသည့် နေရာတွင် အရွက်ကဖြစ်စေ၊ အပင်ကဖြစ်စေ၊ အသီးအစေ့ကဖြစ်စေ အဆီထုတ်လုပ်နိုင်သည့် အပင်တိုင်းသည် ဘိုင်အိုဒီဇယ်ထုတ်လုပ်နိုင်သည်ကို တွေ့ရှိလာကြကြောင်း။

> **ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ခင်းကျင်းပြသထားသည့် ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးနည်းပညာ၊ ဇီဝဒီဇယ်ဆီကြိတ်ထုတ်လုပ်ခြင်း နည်းပညာလက်တွေ့ပြသမှုကို ကြည့်ရှုလေ့လာစဉ်။**
> (သတင်းစဉ်)



## အကျိုးရှိဆုံးအသုံးပြု

မိမိတို့မြန်မာနိုင်ငံကို ကြည့်လျှင် နိုင်ငံအတွင်းကထွက်ရှိသည့်ရေနံသည် ပြည်တွင်းအသုံးပြုရန်လုံလောက်အောင် မထွက်ရှိနိုင်သည့်အတွက် ပြည်ပကမှာယူတင်သွင်း အသုံးပြုနေကြရကြောင်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရန် နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်လာရသည့်အတွက် ဒီဇယ်ဆီသုံးစွဲမှုသည်လည်း မြင့်တက်လာကြောင်း၊ ယနေ့ ကမ္ဘာ့ဒီဇယ်ဈေးနှုန်း မြင့်တက်နေသည့်အတွက် မြန်မာနိုင်ငံသည်လည်း ဘိုင်အိုဒီဇယ် ထုတ်လုပ်သုံးစွဲကြရန် ကြိုးပမ်းလာကြရခြင်းဖြစ်ကြောင်း။

မြန်မာနိုင်ငံအနေနှင့် ဘိုင်အိုဒီဇယ် ထုတ်လုပ်နိုင်သည့်အပင်ကိုရှာဖွေသည့်အခါ ရှေးနှစ်ပေါင်းများစွာကတည်းက မြန်မာနိုင်ငံအတွင်း နေရာအနှံ့ ပေါက်ရောက်ဖြစ်ထွန်းနေသည့် ခြံစည်းရိုးကြက်ဆူပင်သည် အလွယ်ကူဆုံးနှင့် အကျိုးရှိဆုံး အသုံးပြုသည့် အပင်ဆိုသည်ကို ပညာရှင်များက တွေ့ခဲ့ကြကြောင်း။

ခြံစည်းရိုးကြက်ဆူပင်သည် ဘိုင်အိုဒီဇယ်ထုတ်လုပ်နိုင်ရုံမက ခြံစည်းရိုးကြက်ဆူပင်၏ အရွက်၊ အစေ့၊ အဆီများကို အိမ်သုံးဆေးဝါးအဖြစ် အသုံးပြုနိုင်သည်ကို တွေ့ရကြောင်း၊ အပင်မှထွက်ရှိသည့်အစေးကို ကင်ဆာရောဂါကာကွယ်ဆေးအဖြစ်အသုံးပြုသည်ကို တွေ့ရကြောင်း၊ အမြစ်မှထုတ်သည့်အရည်ကို မြွေဆိပ်ဖြေဆေးအဖြစ်အသုံးပြုသည်ကိုတွေ့ရကြောင်း။

## ဖော်ထုတ်အသုံးချ

ယနေ့မြန်မာနိုင်ငံတွင် ပြည်နယ်၊ တိုင်း အသီးသီး၌ ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးခြင်းကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူပြီး အားသွန်ခွန်စိုက်ကြိုးပမ်းနေကြပြီးဖြစ်ကြောင်း၊ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး သန်းရွှေက ခြံစည်းရိုး ကြက်ဆူပင်စိုက်ပျိုးရေးနှင့်ပတ်သက်၍ ဧရာဝတီတိုင်းခရီးစဉ်တွင် **"ယခုအခါ ခြံစည်းရိုးကြက်ဆူပင်မှနေ၍ ဒီဇယ်ဆီအစားထိုး သုံးစွဲနိုင်သည့် ဇီဝဒီဇယ်ဆီကို လွယ်လွယ်ကူကူ ထုတ်လုပ်အသုံးပြုနိုင်ပြီဖြစ်၍ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ခြံစည်းရိုးကြက်ဆူပင်များ အောင်မြင်အောင် ဖိဖိစီးစီး တိုးတက်စိုက်ပျိုးသွားရမှာဖြစ်ကြောင်း၊ နောင်တစ်နှစ်ကျော်နှစ်နှစ်ခန့်ဆိုလျှင် မိမိတို့ ပြည်တွင်းမှ စိုက်ပျိုးထုတ်လုပ်သော ဇီဝဒီဇယ်ဆီဖြင့် သီးထပ်စိုက်ပျိုးရေးတွင် အပြည့်အဝလုပ်ကိုင်နိုင်တော့မှာဖြစ်ကြောင်း၊ တစ်ချိန်တည်းမှာပင် မိမိတို့နိုင်ငံ၏ ပေါကြွယ်ဝသောမြေသယံဇာတများကို အပြည့်အဝ ဖော်ထုတ်အသုံးချနိုင်အောင် ကြိုးပမ်းကြရန်လိုကြောင်း"** လမ်းညွှန်မှာကြားခဲ့ကြောင်း၊ လမ်းညွှန်မှာကြားချက်အတိုင်း ပြည်နယ်၊တိုင်းများတွင် ခြံစည်းရိုးကြက်ဆူပင် ဧကငါးသိန်းစီ စိုက်ပျိုးကြရမှာဖြစ်၍ ရန်ကုန်တိုင်းသည်လည်း ဧကငါးသိန်း စိုက်ပျိုးရမှာဖြစ်ကြောင်း။

## ကြိုတင်မျှော်တွေး

ခြံစည်းရိုးကြက်ဆူပင်သည် ဒေသအနှံ့အပြားတွင်ဖြစ်ထွန်း၍ စိုက်ပျိုးရလွယ်ပြီး အကြမ်းအတမ်းခံတယ်ဆိုသော်လည်း မိမိတို့ဒေသတွင် စီးပွားဖြစ်စိုက်ပျိုးနိုင်ရေးအတွက် အမယ်သစ် သီးနှံတစ်ခုဖြစ်နေသည်ဆိုသည်ကို အားလုံးအသိပင် ဖြစ်ကြောင်း၊ စီးပွားဖြစ် စိုက်ပျိုးကြမည်ဆိုလျှင် ယင်းအမယ်သစ်သီးနှံ၏ စိုက်ပျိုးနည်းစနစ်များ၊ အပင်ပြုစုစောင့်ရှောက်ထိန်းသိမ်းနည်းကို စိုက်ပျိုးသူရောရောင်းဝယ်ဖောက်ကားကြမည့် ကုန်သည်များပါ အကျိုးရှိအောင် ဘယ်လိုဈေးကွက်များနှင့် ဘယ်လိုရောင်းဝယ်ဖောက်ကားကြမည်၊ ထွက်လာသည့် ကြက်ဆူစေ့များကို ဘိုင်အိုဒီဇယ်ဆီထွက်လာသည်အထိ ဘယ်လိုစက်ရုံများထူထောင်ပြီး ဘယ်လိုလုပ်ကြရမည်၊ ဘေးထွက်ပစ္စည်းတွေကိုလည်း ဘယ်လိုနည်းလမ်းများနှင့် ဘယ်လိုအကျိုးရှိရှိ အသုံးပြုနိုင်အောင် ထုတ်လုပ်ကြမည် ဆိုသည်များကို ကြိုတင်မျှော်တွေးတွက်ဆပြီး ဆောင်ရွက်ကြရန်ဖြစ်ကြောင်း။

ယခု အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်လာကြသည့် ပညာရှင်ကြီးများ၊ ပါမောက္ခချုပ်ကြီးများ၊ စက်မှုလုပ်ငန်းရှင်ကြီးများ၊စီးပွားရေးလုပ်ငန်းရှင်ကြီးများအားလုံး အလုပ်ရုံဆွေးနွေးပွဲသို့ ပါဝင်တက်ရောက်၍ ဘာသာရပ်အလိုက်ကောင်းမြတ်သောအကြံဉာဏ်၊ ထက်မြက်သော နည်းပညာများကို ဆွေးနွေးအကြံပြုပေးကြပါဟု တိုက်တွန်းပြောကြားလိုကြောင်းဖြင့် ပြောကြားသည်။

## ရှင်းလင်းပြသ

ထို့နောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်းနှင့် တာဝန်ရှိသူများသည် ခင်းကျင်းပြသထားသည့် ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးနည်းပညာ၊ ဇီဝဒီဇယ်ဆီ ကြိတ်ထုတ်လုပ်ခြင်း နည်းပညာ လက်တွေ့ပြသမှုနှင့် ခရိုင်များအလိုက် ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးမှု၊ လုပ်ရှားမှုမှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုကြရာ လုပ်ငန်းကဏ္ဍအလိုက်တာဝန်ရှိသူများက လိုက်လံရှင်းလင်း ပြသကြသည်။

ယင်းနောက် ရှင်းလင်းပြသမှုများနှင့် စပ်လျဉ်း၍ ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက လုပ်ငန်းလိုအပ်ချက်များကို ညှိနှိုင်းပေါင်းစပ်ဆွေးနွေးမှာကြားပြီး အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

## ဆွေးနွေးကြ

ဆက်လက်၍ အလုပ်ရုံဆွေးနွေးပွဲ ဒုတိယပိုင်း အစီအစဉ်ကို နံနက် ၈ နာရီခွဲတွင် ကျင်းပရာ "စိုက်ပျိုးရေးနည်းပညာဘာသာရပ်"ကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ အကြံပေးပုဂ္ဂိုလ် ဦးမြင့်ဦးက ခေါင်းဆောင်၍ လည်းကောင်း၊ "ရောင်းဝယ်ဖောက်ကားခြင်း ဘာသာရပ်"ကို ဆက်သွယ်ရေး ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)–ဦးတင်ငြိမ်းက ခေါင်းဆောင်၍ လည်းကောင်း၊"ဇီဝဒီဇယ်ဆီကြိတ်ထုတ်လုပ်ခြင်းနည်းပညာဘာသာရပ်"ကိုရန်ကုန်အရှေ့ပိုင်း တက္ကသိုလ် ပါမောက္ခချုပ်ဒေါက်တာ ဦးဝင်းကလည်းကောင်း အဖွဲ့သုံးဖွဲ့ခွဲ၍ ဆွေးနွေးကြသည်။

ထို့နောက် ခြံစည်းရိုးကြက်ဆူပင်နည်းပညာဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲမှ အဖွဲ့များသည် ဆွေးနွေးညှိနှိုင်းကြသည်။ ဆက်လက်၍ အဖွဲ့အလိုက် ရေးသားပြုစုထားသော စာတမ်းများကို ဖတ်ကြားတင်ပြကြရာ တက်ရောက်လာကြသူများက အကြံပြုဆွေးနွေးကြပြီး စာတမ်းများကို အတည်ပြုကြကာ အလုပ်ရုံဆွေးနွေးပွဲကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

● **ရှေ့ဖုံးမှ**

## တက်ရောက်

အဆိုပါဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သောင်းအေး၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ သံတမန်အဖွဲ့နာယက ဖိလစ်ပိုင်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mme. Phoebe A. Gomez အမှူးပြုသော ရန်ကုန်မြို့ရှိ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ၊ နိုင်ငံခြားသံရုံးများမှ သံတမန်များ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်တွင်းပြည်ပ သတင်းစာဆရာများ၊ သတင်းနှင့်ပြန်ကြားရေးဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ ရှမ်းပြည်နယ်(တောင်ပိုင်း)ရှိ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ အစိုးရ နည်းပညာကောလိပ်(အေးသာယာ) ကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ အစိုးရကွန်ပျူတာကောလိပ်(တောင်ကြီး)မှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ သူနာပြုများ၊ ရှမ်းပြည်နယ်(တောင်ပိုင်း)မှ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့ဝင်များ၊ အခြေခံပညာကျောင်းများမှ ကျောင်းသားကျောင်းသူများ၊ ဘင်ခရာနှင့် ပန်းပွားအကအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

## ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ ဖွင့်ပွဲအခမ်းအနားကို အဆိုပါ ပင်မသုံးထပ်ကျောင်းဆောင်သစ်ရှေ့၌ ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သောင်းအေးနှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်းတို့က အစိုးရ နည်းပညာကောလိပ်(အေးသာယာ) ပင်မသုံးထပ်ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့် အဖွဲ့ဝင်များသည် ဧည့်သည်တော် သံတမန်များ၊ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့ဝင်များနှင့် စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် အစိုးရ နည်းပညာကောလိပ် (အေးသာယာ) ပင်မသုံးထပ်ကျောင်းဆောင်သစ်ဖွင့်ပွဲအစီအစဉ်ကို ယင်းကျောင်းဆောင်သစ်ရှိ အစည်းအဝေးခန်းမ၌ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က အမှာစကားပြောကြားရာတွင် ယခုနှစ်ပိုင်း ရက်ပိုင်းအတွင်းတွင်ပင် ရှမ်းပြည်နယ်အတွင်း၌ မင်္ဂလာရှိသည့် ဖြစ်စဉ်ဖြစ်ရပ်များ ဆက်တိုက်ဆိုသကဲ့သို့ ဖြစ်ပေါ်နေခြင်းအတွက်လည်း များစွာဝမ်းမြောက်ဖို့ ကောင်းကြောင်း။

## အပြီးတိုင်လဲလှယ်

၂၀၀၅ ခုနှစ် နှစ်လယ်ပိုင်းလောက်ကစတင်ပြီး ယခင်ကာလကတည်းက ဥပဒေဘောင်အတွင်း ရောက်ရှိနေပြီးဖြစ်သည့် ရှမ်းပြည်အမျိုးသားတပ်မတော် (SSNA)က ဦးကန်န ဦးစီးသော တပ်မဟာ(၁၁)အဖွဲ့သားများ၊ ပလောင်လွတ်မြောက်ရေးတပ်ဖွဲ့(PSLA)က ဦးအိုက်မုန်းနှင့် အဖွဲ့ဝင်များ၊ ရှမ်းပြည်အမျိုးသားတပ်မတော်(SSNA)က ဦးဂုဏ်ခေးခေါင်းဆောင်သည့် တပ်မဟာ(၁၉)အဖွဲ့သားများသည် လက်နက်နှင့် ငြိမ်းချမ်းရေး အပြီးတိုင်လဲလှယ်လာခဲ့ကြပြီးဖြစ်ကြောင်း။

ယမန်နေ့ကလည်း ရှမ်းပြည်နယ် လဲချားမြို့နယ်တွင် ရှမ်းပြည်တပ်မတော်(တောင်ပိုင်း)(SSA-S) ရွက်ဆစ်အဖွဲ့မှ ဒုစစ်ဦးစီးချုပ်အဆင့်ရှိသည့် တပ်မဟာ(၇၅၈) တပ်မဟာမှူး ဦးမိန်းစင်နှင့်အဖွဲ့ ဥပဒေဘောင်အတွင်းဝင်လာသည့် အခမ်းအနားကို မင်္ဂလာရှိစွာ ကျင်းပနိုင်ခဲ့ကြောင်း။

တစ်ဆက်တည်းပင် နိုင်ငံတော်အစိုးရ၏ မူးယစ်ဆေးဝါးပပျောက်ရေး စီမံကိန်းလုပ်ငန်းများ၏ အောင်မြင်တိုးတက်ဖြစ်ထွန်းမှု၏ သာဓကတစ်ခုအနေဖြင့် ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများ မီးရှို့ဖျက်ဆီးသည့် အခမ်းအနားကို လဲချားမြို့နယ်၌ ကျင်းပနိုင်ခဲ့ကြောင်း။

## ဟန်ချက်ညီညီ

နိုင်ငံတော်အစိုးရအနေဖြင့် အမိ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကို နိုင်ငံတကာနှင့်ယှဉ်တွဲ ဖွံ့ဖြိုးတိုးတက်စေရန် စနစ်တကျ စီမံကြိုးပမ်းဆောင်ရွက်လျက်ရှိရာတွင် နယ်မြေဒေသတစ်ခုချင်း၏ ဖွံ့ဖြိုးတိုးတက်မှုကို အခြေခံပြီး ပြည်ထောင်စုကြီး၏ နယ်မြေဒေသ အစိတ်အပိုင်းများအားလုံး သဟဇာတဖြစ်စွာ ဟန်ချက်ညီညီ ပေါင်းစည်းဆက်စပ် ဖွံ့ဖြိုးတိုးတက်လာစေရအောင် စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း။

ဤကဲ့သို့ ကြိုးပမ်းဆောင်ရွက်ရာတွင် နယ်စပ်ဒေသများကို အခြေပြုသည့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများ၊ ပြည်နယ်၊ တိုင်းအသီးသီး၏ အချက်အချာဒေသများကို ဗဟိုပြုသည့် ဖွံ့ဖြိုးရေး အထူးဒေသကြီးများ၊ စီမံကိန်းများ တစ်နိုင်ငံလုံး အခြေခံဒေသများအထိ လွှမ်းခြုံထားသည့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များကို စနစ်တကျပေါင်းစပ်ပြီး ကြိုးပမ်းဆောင်ရွက်ခဲ့သည့်အတွက် ယခုဆိုလျှင် ရှမ်းပြည်နယ်အပါအဝင် ပြည်ထောင်စုကြီး၏ နယ်မြေအစိတ်အပိုင်းအသီးသီး၌ ဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများ အစီအရီ ဖြစ်ထွန်းနေကြပြီဖြစ်ကြောင်း။

ထို့ကြောင့် ယနေ့အခြေအနေကို ကြည့်မည်ဆိုလျှင် နိုင်ငံတော်က အထူးအစီအစဉ်ဖြင့် ထူထောင်ပေးထားသည့် ဖွံ့ဖြိုးရေးဒေသကြီး လေးနေရာဖြစ်သော တောင်ကြီးဒေသ၊ လားရှိုး၊ ကျိုင်းတုံ၊ ပင်လုံဒေသတို့ကို ဗဟိုပြုပြီး ရှမ်းပြည်နယ်တစ်ခွင်လုံး အေးချမ်းသာယာပြီး အဘက်ဘက်က ဖွံ့ဖြိုးတိုးတက်နေခြင်းသည် အိပ်မက်ဟုပင် ထင်မှတ်မှားဖွယ်ရာပင်ဖြစ်ကြောင်း။



မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် အစိုးရနည်းပညာကောလိပ်(အေးသာယာ) ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် ပင်မသုံးထပ်ကျောင်းဆောင်သစ်ရှေ့တွင် အထိမ်းအမှတ်သစ်ပင်ကို စိုက်ပျိုးပေးစဉ်။ (သတင်းစဉ်)

## ဖွံ့ဖြိုးတိုးတက်မှုအခြေခံကောင်းများ

ယခုဆိုလျှင် ရှမ်းပြည်နယ်မြောက်ပိုင်း၊ တောင်ပိုင်း၊ အရှေ့ပိုင်းတစ်ခွင်လုံး၌ အရှေ့၊ အနောက်၊ တောင်၊ မြောက် ဒေသများအားလုံးကို လွယ်လင့်တကူ ကူးသန်းသွားလာနိုင်သည့် လမ်းမကြီးများ၊ မြစ်ကူး ချောင်းကူးတံတားကြီးများ၊ ရထားလမ်းသစ်များ ဖြစ်ထွန်းလာမှုများ၊ ဒေသခံတိုင်းရင်းသူ တိုင်းရင်းသားလူငယ်များ အဆင့်မြင့်ပညာ ဆည်းပူးသင်ယူနိုင်သည့် စာသင်ကျောင်းနှင့် တက္ကသိုလ်၊ ကောလိပ်များ ပေါ်ထွန်းလာမှုများ၊ တိုင်းရင်းသားပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှုအရည်အသွေး မြင့်မြင့်မားမားပေးနိုင်နေပြီဖြစ်သည့် အထူးကုဆေးရုံကြီးများ၊ အထွေထွေရောဂါကုဆေးရုံကြီးများ၊ ကျန်းမာရေးဆေးပေးခန်းများ၊ ကျေးလက်ကျန်းမာရေးဌာနများ လက်လှမ်းတမီရှိလာမှုများ၊ တည်ဆောက်ပြီးနှင့် တည်ဆောက်ဆဲ ကျောက်မီးသွေးသုံး လျှပ်စစ်နှင့် ရေအားလျှပ်စစ်စီမံကိန်းကြီးများ ပေါ်ထွန်းလာမှုများ၊ ဂျက်လေယာဉ်ပျံ ဆင်းသက်နိုင်သည့် အဆင့်မြင့်လေယာဉ်ကွင်းများ ဖြစ်ထွန်းလာမှုများစသည့် ဖွံ့ဖြိုးတိုးတက်မှုအခြေခံကောင်းများ ဖြန့်ကြက်တည်ရှိနေပြီဖြစ်ကြောင်း။

အထူးသဖြင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးကို ထိထိရောက်ရောက် မြှင့်တင်ပေးနိုင်မည့် စက်မှုဇုန်များ၊ နယ်စပ်ကုန်သွယ်ရေးစခန်းများဖြစ်ထွန်းနေသည့်အပြင် မူဆယ်၊ ချင်းရွှေဟော်၊ လောက်ကိုင်၊ မိုင်းလား၊ တာချီလိတ် စသည့် ခေတ်မီနယ်စပ်မြို့ကြီးများ ပေါ်ထွန်းလာပြီး ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း၊ ကုန်သွယ်စီးပွားလုပ်ငန်းများတိုးတက်ဖြစ်ထွန်းလာသည့်အတွက် ရှမ်းပြည်နယ်၏ တိုးတက်ဖွံ့ဖြိုးမှုသည် ဆတက်ထမ်းပိုး တိုးပွားလျက်ရှိသည်ကို အားရကျေနပ်ဖွယ် တွေ့မြင်နေရပြီဖြစ်ကြောင်း။



နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သောင်းအေးနှင့် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်းတို့ အစိုးရနည်းပညာကောလိပ် (အေးသာယာ) ပင်မသုံးထပ်ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

အစိုးရနည်းပညာကောလိပ်(အေးသာယာ) ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် ပင်မသုံးထပ်ကျောင်းဆောင်သစ်ရှေ့တွင် အထိမ်းအမှတ်သစ်ပင်များကို သံအမတ်ကြီးများနှင့် သံတမန်များ စိုက်ပျိုးပေးစဉ်။ (သတင်းစဉ်)

ယနေ့ ရှမ်းပြည်နယ်တစ်ခွင်လုံး ဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများ တိုးပွားဖြစ်ထွန်းနေသည့် အခြေအနေသည် သာမန်ကြိုးစားအားထုတ်မှု၊ သာမန် လုပ်ရိုးလုပ်စဉ်ဆောင်ရွက်မှုဖြင့် ဖြစ်ထွန်းလာခဲ့ခြင်းမဟုတ်ဘူး ဆိုသည်ကို ရှမ်းပြည်နယ်က ပြည်သူများအားလုံး သိစေချင်ပါကြောင်း။

## အနိဋ္ဌာရုံဆိုးမွေများ

မိမိတို့တပ်မတော်အစိုးရ နိုင်ငံတော်၏ တာဝန်ယူခဲ့ရချိန်တွင် ရှမ်းပြည်နယ်ကြီးသည် ကိုလိုနီနယ်ချဲ့ လက်သစ်၊ လက်ဟောင်းတို့ ဖန်တီးခဲ့သော ဒဏ်ရာဒဏ်ချက်များ အနိဋ္ဌာရုံဆိုးမွေများနှင့်ပြည့်နှက်နေခဲ့သည့်အခြေအနေတွင် ရှိနေဆဲပင်ဖြစ်ကြောင်း။

လက်နက်ကိုင် ဆူပူဆန့်ကျင်မှုများကြောင့် နယ်မြေ တည်ငြိမ်အေးချမ်းမှုမရှိခဲ့သည့်အတွက် တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာ ပရိယေသန ဝမ်းစာကို မရှာနိုင်ဘဲ နိစ္စဓူဝ စားဝတ်နေရေးအတွက် အခါမလပ် စိုးရိမ်ထိတ်လန့်ပြီး ကျီးလန့်စာစားနေခဲ့ရသည့်ဘဝ ဖြစ်ကြောင်း၊

*စာမျက်နှာ ၅ ကော်လံ ၁ သို့*

## အထိမ်းအမှတ်သစ်ပင်စိုက်ပျိုး

ဆက်လက်၍ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူး ဗိုလ်မှူးချုပ်သောင်းအေး၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများနှင့် ဧည့်သည်တော် သံတမန်များသည် အစိုးရ နည်းပညာကောလိပ် (အေးသာယာ) ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် ပင်မသုံးထပ်ကျောင်းဆောင်သစ်ရှေ့ရှိ သတ်မှတ်နေရာအသီးသီးတို့၌ အထိမ်းအမှတ်သစ်ပင်များကိုစိုက်ပျိုးပေးကြသည်။

ယင်းနောက် ပင်မသုံးထပ်ကျောင်းဆောင်သစ်ရှိ ကမ္ဘည်းမော်ကွန်းကြေးပြား ဖွင့်လှစ်ခြင်းအစီအစဉ်ကို ကျင်းပရာ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အစိုးရ နည်းပညာကောလိပ် (အေးသာယာ) ကမ္ဘည်းမော်ကွန်းကြေးပြားကို စက်ခလုတ်နှိပ်၍ဖွင့်လှစ်ပေးပြီး ကမ္ဘည်းမော်ကွန်းကြေးပြားကို အမွှေးနံ့သာရည်တို့ဖြင့် ပက်ဖျန်းပေးသည်။

## အမွှေးနံ့သာရည်များပက်ဖျန်း

ဆက်လက်၍ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူး ဗိုလ်မှူးချုပ်သောင်းအေး၊ သံတမန်အဖွဲ့ နာယက ဖိလစ်ပိုင်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mme. Phoebe A. Gomez ၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်းနှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Chanthvy Bodhisane တို့က ကမ္ဘည်းမော်ကွန်းကြေးပြားကို အမွှေးနံ့သာရည်တို့ဖြင့် ပက်ဖျန်းပေးကြသည်။



19-7 (04).p65 1 1/21/32, 9:50 PM





**အမှာစကားပြောကြား**

**မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် အစိုးရ နည်းပညာကောလိပ် (အေးသာယာ) ပင်မသုံးထပ်ကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။**

(သတင်းစဉ်)

# နိုင်ငံတော်ရှေ့ဆက်လျှောက်လှမ်းရမည့် ခရီးစဉ်အဆင့်ဆင့် တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံး တွဲလက်ညီညီဖြင့် လျှောက်လှမ်း

*စာမျက်နှာ ၄ မှ*

စာသင်ကျောင်းများပျက်စီး၊ ရင်သွေးငယ်များ စာပေမသင်ကြားနိုင်၊ သက်ကြီးရွယ်အိုများ ဘာသာ သာသနာရေး မဆောင်ရွက်နိုင်ကြဘဲ တရားဥပဒေမဲ့ အနိုင်ကျင့်မှု၊ အကြမ်းဖက်မှုတို့၏အောက်၌ အသက်အိုးအိမ် စည်းစိမ်လုံခြုံမှုကင်းမဲ့စွာ နေထိုင်ခဲ့ရခြင်းများကို ဒေသခံတိုင်းရင်းသားပြည်သူများ မေ့ပျောက်နိုင်ကြမည် မဟုတ်ကြောင်း။

## တစ်ယူသန်လူမျိုးရေး

ကိုလိုနီနယ်ချဲ့တို့၏ ပြည်နယ်ပြည်မခွဲခြားပြီး သွေးခွဲအုပ်ချုပ်မှု၊ မူးယစ်ဆေးဝါးသံသရာထဲ နှစ်မွန်းခံခဲ့ရမှု၊ ပဒေသရာဇ်စနစ် လောင်းရိပ်အောက်၌ နှစ်ပေါင်းရှည်ကြာစွာ ခြွင်းချန်ထားခံရမှု၊ ကူမင်တန် တရုတ်ဖြူတို့၏ ကျူးကျော်ခံရမှု၊ ဗမာပြည်ကွန်မြူနစ်ပါတီ၏ လွှမ်းမိုးစိုးမိုးခံရမှုတို့ကြောင့် အယူဝါဒရေး၊ ဂိုဏ်းဂဏရေး၊ တစ်ယူသန်လူမျိုးရေး၊ ပုဂ္ဂိုလ်ရေးအစွဲအလမ်းများ တိုးပွားလာခဲ့ရပြီး ရှမ်းပြည်နယ်သည် လက်နက်ကိုင်ဆန့်ကျင်မှုပြဿနာ၊ မူးယစ်ဆေးဝါးပြဿနာ၊ လုံခြုံရေးကင်းမဲ့မှုကြောင့် ဖွံ့ဖြိုးမှုအခြေခံအဆောက်အအုံများ ချို့တဲ့ခဲ့ရသည့်ပြဿနာ စသော အနိဋ္ဌာရုံဆိုးမွေများကို ခါးစည်းပြီး ခံခဲ့ရခြင်းဖြစ်ကြောင်း။

**ခေတ်အဆက်ဆက်က ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည့် အခြေခံအဆောက်အအုံများကို တည်ဆောက်ပေးနိုင်ခြင်း မရှိခဲ့ခြင်းကြောင့် အကျိုးဆက်အနေဖြင့် ဖွံ့ဖြိုးမှု မညီမျှဖြစ်လာခဲ့ရမှုများ၊ ဆင်းရဲချမ်းသာကွာဟမှု ကြီးမားကျယ်ပြန့်လာခဲ့ရပြီး တိုင်းတစ်ပါးသားများအနေဖြင့် တိုင်းရင်းသား ညီအစ်ကို မောင်နှမများအကြား၌ သံသယစိတ်များ ပွားများလာအောင် ဝင်ရောက်ခြေရှုပ် သွေးထိုးပေးနိုင်သည့်အခြေအနေများ ဖြစ်ပေါ်ခဲ့ရခြင်းသည်လည်း အစဉ်သတိပြုရမည့် သမိုင်းသင်ခန်းစာများပင်ဖြစ်ကြောင်း။**

## တစိုက်မတ်မတ်ကြိုးပမ်း

ဤကဲ့သို့ အခြေအနေဆိုးများကနေ ရှမ်းပြည်နယ်ကြီး တည်ငြိမ်အေးချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်လာသော ယနေ့အခြေအနေရောက်လာသည့်အထိ နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဆိုသည့် အမျိုးသားရေးမူဝါဒကို ကိုင်စွဲပြီး တစိုက်မတ်မတ် ကြိုးပမ်းဆောင်ရွက်လာခဲ့ရခြင်းဖြစ်ကြောင်း။

ရိုးသားဖြောင့်မတ်ဖြူစင်သည့် သဘောထားကို အရင်းခံပြီး တိုင်းရင်းသားခေါင်းဆောင်များနှင့်အတူ အပြန်အလှန် နားလည်စာနာမှု၊ အပြန်အလှန် သည်းခံခွင့်လွှတ်မှု၊ အပြန်အလှန် ချစ်ကြည်လေးစားမှုတို့ကို အခိုင်အမာ တည်ဆောက်နိုင်ခဲ့ခြင်းကြောင့်လည်း ရှမ်းပြည်နယ်တစ်ခွင်လုံး တစ်စထက်တစ်စ တည်ငြိမ်အေးချမ်းလာခဲ့ပြီး သမိုင်းကြောင်း၏ ဆိုးမွေများဖြစ်သည့် မူးယစ်ဆေးဝါးပြဿနာ၊ တရားဥပဒေစိုးမိုးရေးကင်းမဲ့မှုပြဿနာ၊ လမ်းပန်းဆက်သွယ်ရေးနှင့် ဖွံ့ဖြိုးရေးအခြေခံအဆောက်အအုံများ ချို့တဲ့မှုပြဿနာ၊ ဒေသဖွံ့ဖြိုးတိုးတက်ရေး နောက်ကျကျန်ခဲ့ရမှုပြဿနာ စသည့် ပြဿနာအထွေထွေကို နိုင်ငံတော်အစိုးရနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ လက်တွဲပေါင်းစည်း ဖြေရှင်းဆောင်ရွက်နိုင်ခဲ့ခြင်းပင်ဖြစ်ကြောင်း။



**ရှင်းလင်းတင်ပြ**

**မန္တလေးနည်းပညာ တက္ကသိုလ် ဒုတိယ ပါမောက္ခချုပ် ဒေါက်တာ ကေသီလွင် ရှင်းလင်း တင်ပြစဉ်။**

(သတင်းစဉ်)



**မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့် အဖွဲ့ဝင်များ၊ ဧည့်သည်တော် သံတမန်များ၊ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့ဝင်များ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။**

(သတင်းစဉ်)

## ထာဝရငြိမ်းချမ်းရေးတည်ဆောက်

ယခုဆိုလျှင် နိုင်ငံတော်အစိုးရ၏ စေတနာနှင့် လုပ်ငန်းများ၏ အကျိုးရလဒ်ကောင်းများ သိသိသာသာ ရုပ်လုံးပေါ်ဖြစ်ထွန်းလာခဲ့ပြီဖြစ်သကဲ့သို့ ယခင်အခါက နိုင်ငံတော်ကို လက်နက်ကိုင်ဆန့်ကျင်ခဲ့ကြသည့် တိုင်းရင်းသားအဖွဲ့အစည်းအားလုံးလိုလိုသည် ဥပဒေဘောင်အတွင်း၌ ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် လုံခြုံအေးချမ်းရေးအတွက် နိုင်ငံတော်အစိုးရနှင့်အတူ လက်တွဲဆောင်ရွက်နေကြပြီဖြစ်ကြောင်း၊ ထို့အပြင် လက်နက်ကိုင်လမ်းစဉ်ကို အပြီးတိုင်စွန့်လွှတ်ပြီး ထာဝရငြိမ်းချမ်းရေးတည်ဆောက်လာကြသည့် တိုင်းရင်းသားအဖွဲ့အစည်းများသည်လည်း တစ်ဖွဲ့ပြီးတစ်ဖွဲ့ တိုးပွားလာနေသည့် အခြေအနေအချိန်အခါကောင်းကို ရောက်ရှိနေပြီဖြစ်ခြင်းကြောင့် မဝေးလှသည့် အနာဂတ်ကာလတွင် ရှမ်းပြည်နယ်တစ်ခွင်လုံး ပြည့်ပြည့်ဝဝ ငြိမ်းချမ်းသာယာလာတော့မည့် အခြေအနေကို မှန်းဆရှုမြင်နိုင်နေပြီဖြစ်ကြောင်း။

သို့သော်လည်း **ရှမ်းပြည်နယ်ကြီးသည် အပြည့်အဝ မငြိမ်းချမ်းနိုင်သေးဘဲ နိုင်ငံတော်ကို လက်နက်စွဲကိုင် ဆန့်ကျင်နေသည့် လက်တစ်ဆုပ်စာ တစ်ယူသန်အဖျက်သမားများ ရှိနေဆဲပင်ဆိုသည်ကိုတော့ သတိပြုကြရမည်ဖြစ်ကြောင်း။**

ယင်းလက်နက်ကိုင်ဆန့်ကျင်မှုများ ချုပ်ငြိမ်းသည့် တစ်နေ့တွင်တော့ ရှမ်းပြည်နယ်သည် စင်းလုံးချော အပြည့်အဝ ငြိမ်းချမ်းသာယာလာမည်ဖြစ်သည် ဆိုသည့် ယုံကြည်ချက်နှင့်အညီ နိုင်ငံတော်အစိုးရအပိုင်းအနေဖြင့် ငြိမ်းချမ်းရေးကို အလေးထားပြီး စိတ်ရှည်သည်းခံစွာဖြင့် မိမိတာဝန်၊ မိမိလုပ်ငန်းကို တည်တည်ငြိမ်ငြိမ်၊ မှန်မှန်ကန်ကန် ဆက်လက်ဆောင်ရွက်သွားမည်ပင် ဖြစ်ကြောင်း။



**အစိုးရ နည်းပညာကောလိပ် (အေးသာယာ) ကျောင်းသားကျောင်းသူများကိုယ်စား မြို့ပြအင်ဂျင်နီယာဌာနမှ ဒုတိယနှစ် (B.Tech) သင်တန်းသူ ကျောင်းသူ မအင်ကြင်းငုံက ကျောင်းဆောင်သစ် တည်ဆောက် ဖွင့်လှစ်ပေးခြင်းအတွက် နိုင်ငံတော်အစိုးရအား ဂုဏ်ယူဝမ်းမြောက် ကျေးဇူးတင်စကား ပြောကြားစဉ်။**

(သတင်းစဉ်)

## လုပ်ကြံစွပ်စွဲပြောဆို

သို့ရာတွင် **လောဘ၊ ဒေါသ၊ မောဟ တိမ်သလ္လာဖုံးနေသည့် တစ်ယူသန်အဖျက်သမားများသည် ရှမ်းပြည်နယ်အတွင်း တိုင်းရင်းသားပြည်သူများ စည်းလုံးညီညွတ်စွာဖြင့် မိမိရပ်ရွာ၊ မိမိဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်စိတ်တည်း တစ်ဝမ်းတည်း လက်တွဲပေါင်းစည်း ကြိုးပမ်းဆောင်ရွက်နေသည့် အခြေအနေများ၊ ရှမ်းပြည်နယ်တစ်ခွင်လုံး ငြိမ်းချမ်းသာယာပြီး အဘက်ဘက်၌ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာနေသည့် အခြေအနေများကို အမှန်အတိုင်း ရဲရဲဝံ့ဝံ့ မရှုမြင်နိုင်သေးသည့်အတွက် ပြည်သူများနှင့် တဖြည်းဖြည်း ဝေးကွာလာရသည့်အနေအထားတွင် နိုင်ငံတော်အစိုးရကို သိက္ခာချသည့်သဘောဖြင့် ရှမ်းပြည်နယ်ကြီး ယိုယွင်းဆုတ်ယုတ်နေသည်၊ မူးယစ်ဆေးဝါးတားဆီးမှုများကို ထိထိရောက်ရောက်မလုပ်ဘူး၊ ရှမ်းတိုင်းရင်းသူများကို မတရားပြုကျင့်သည်၊ လူကုန်ကူးခံနေရသည် စသည့် နိုင်ငံရေးလုပ်ကြံဖန်တီးမှုများကို နိုင်ငံတကာက အထင်အမြင်မှားအောင် လုပ်ကြံစွပ်စွဲ ပြောဆိုလျက်ရှိကြဆဲပင်ဖြစ်ကြောင်း။**

ထို့အပြင် ပြည်ထောင်စုကြီးအတွက် အန္တရာယ်အများဆုံးဖြစ်သည့် တစ်ယူသန် လူမျိုးရေးအစွဲအလမ်းများ၊ သံသယနှင့် အာဃာတများ တိုင်းရင်းသားလူမျိုးများအကြား ဝင်ရောက်လာစေရန် နိုင်ငံရေးလုပ်ကြံဖန်တီးမှု အဖုံဖုံကို သွေးခွဲသပ်လျှို လုပ်ဆောင်နေဆဲပင်ဖြစ်ကြောင်း။

*စာမျက်နှာ ၆ ကော်လံ ၁ သို့*

19-7 (05).p65 1 1/21/32, 9:50 PM





မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် အစိုးရနည်းပညာကောလိပ် (အေးသာယာ) ပင်မသုံးထပ်ကျောင်းဆောင်သစ် ကမ္ပည်းမော်ကွန်းကြေးပြားကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

**လက်နက်ကိုင် ဆန့်ကျင်မှုများ ချုပ်ငြိမ်းသည့် တစ်နေ့တွင်တော့ ရှမ်းပြည်နယ်သည် စင်းလုံးချော အပြည့်အဝ ငြိမ်းချမ်းသာယာလာမည်ဖြစ်သည် ဆိုသည့် ယုံကြည်ချက်နှင့်အညီ နိုင်ငံတော်အစိုးရအပိုင်း အနေဖြင့် ငြိမ်းချမ်းရေးကို အလေးထားပြီး စိတ်ရှည်သည်းခံစွာဖြင့် မိမိတာဝန်၊ မိမိလုပ်ငန်းကို တည်တည်ငြိမ်ငြိမ်၊မှန်မှန်ကန်ကန် ဆက်လက်ဆောင်ရွက်သွားမည်။**

*စာမျက်နှာ ၅ မှ*

မိမိအတွက်လည်း အကျိုးမရှိ၊ မိမိပြည်နယ်အကျိုးကိုလည်း နစ်မွန်းစေလျက်ရှိသည့် လက်နက်ကိုင်လမ်းစဉ်ကို မစွန့်လွှတ်နိုင်သရွေ့ ပြည်သူများနှင့် ကင်းကွာသည်ထက် ကင်းကွာပြီး တိုင်းတစ်ပါးကို လုံးဝဥဿုံ မှီခိုနေရသည့်ဘဝ၊ ပြည်တွင်း၌ မိမိတို့အခန်းကဏ္ဍ ပျောက်ဆုံးနေသောဘဝ ရောက်ရှိနေပြီဆိုသည့် ပကတိအခြေအနေမှန်ကို သိနားလည်သင့်သော အချိန်အခါရောက်ရှိနေပြီလည်းဖြစ်ကြောင်း။

## ပြန်လည်စဉ်းစားသင့်

ယခုကဲ့သို့ **တိုင်းတစ်ပါး၏ မြှောက်ပင့်ပေးမှုကို ခံယူနေရသည့်ဘဝတွင် သာယာမိန်းမောနေမည့်အစား နိုင်ငံတကာဖြစ်စဉ်ဖြစ်ရပ်များကို ဓမ္မဓိဋ္ဌာန်ကျကျ ပြန်လည်သုံးသပ်ရှုမြင်ပြီး မိမိတို့ဘဝအခြေအနေမှန်ကို ပြန်လည်စဉ်းစားသင့်သည့် အခြေအနေရောက်ရှိနေပြီဖြစ်ကြောင်း။**

နိုင်ငံတကာကိုကြည့်လျှင် တစ်တိုင်းတစ်ပြည်ထဲ၌ပင် ဘေးပယောဂများကြောင့် လူမျိုးတူ ဘာသာကွဲအချင်းချင်း၊ ဘာသာတူ လူမျိုးကွဲအချင်းချင်း၊ လူမျိုးတူ ဘာသာတူအချင်းချင်း ရန်သူကြီးများသဖွယ် အပြန်အလှန်ဆန့်ကျင်တိုက်ခိုက်နေကြမှုများ၊ အကြမ်းဖက်သတ်ဖြတ်နေကြမှုများစသည့် စိတ်မချမ်းမြေ့ဖွယ် အနိဋ္ဌာရုံမြင်ကွင်းများကို နိစ္စဓူဝ မြင်တွေ့နေရလျက်ရှိကြောင်း။

## ကွဲကွဲပြားပြားသိမြင်

ယင်းဖြစ်စဉ်ဖြစ်ရပ်များသည် တစ်ကမ္ဘာလုံးကို လွှမ်းခြုံကြီးစိုး ဩဇာလွှမ်းမိုးနိုင်စေရန်၊ သူတစ်ပါးနိုင်ငံအတွင်း မိသားစုဝင်အချင်းချင်း၊ တိုင်းရင်းသားလူမျိုးအချင်းချင်း စိတ်ဝမ်းကွဲပြားပြီး နိုင်ငံနှင့်လူမျိုး၏ အမျိုးသားရေးအားမာန်ချည့်နဲ့စေရအောင် လုပ်ကြံဖန်တီးနေသည့် နိုင်ငံကြီးအချို့၏ စံနှစ်မျိုးထားခွဲခြားဆက်ဆံမှုများ၏ အကျိုးဆက်များဖြစ်သည်ဆိုသည်ကို ကွဲကွဲပြားပြားသိမြင်ကြရန်လိုအပ်ကြောင်း၊ ယင်းဖြစ်စဉ်ဖြစ်ရပ်များကို သင်ခန်းစာယူပြီး ကိုယ့်အမျိုးသားအချင်းချင်း စည်းလုံးညီညွတ်ကြရန်၊ ယုံကြည်စိတ်ချရန်၊ သူတစ်စိမ်း၏ သွေးခွဲမြှောက်ပင့်ပေးမှုများကို မယုံစားမိရန်၊ မသာယာမိရန် ဆင်ခြင်စဉ်းစားသင့်နေပြီဖြစ်ကြောင်း။

**တိုင်းရင်းသားလူမျိုးအချင်းချင်း မေတ္တာတရားကိုအခြေခံပြီး ညီညွတ်မျှတစွာ သမိုင်းအစဉ်အလာနှင့်အညီ ဆက်လက် ပေါင်းစည်းနေထိုင်ကြရန်၊ ရရှိဖြစ်ထွန်းပြီးဖြစ်သည့် ငြိမ်းချမ်းရေးကို ထိန်းသိမ်းစောင့်ရှောက်ကြရန် နိုင်ငံသူ နိုင်ငံသားတိုင်း၌ တာဝန်ရှိပါကြောင်း၊ ပြည်ထောင်စုစိတ်ဓာတ်ဓာတ်ခံမပျက်စေရန်၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု အားမာန်မပြိုကွဲစေရန် တိုင်းရင်းသားအားလုံးက စောင့်စည်းထိန်းသိမ်းကြရမည်ဖြစ်ကြောင်း။**

## စည်းစည်းလုံးလုံးလျှောက်လှမ်း

နှစ်ပေါင်းထောင်ချီပြီး အေးအတူပူအမျှ ပေါင်းစည်းလက်တွဲ နေထိုင်လာခဲ့ကြသည့် တိုင်းရင်းသားလူမျိုးများအားလုံး၏ ကိုယ်စီကိုယ်စီသော အကျိုးစီးပွားနှင့် ကျန်တိုင်းရင်းသားလူမျိုးအားလုံး ပေါင်းစည်းရောယှက် ဖြစ်တည်နေသည့် နိုင်ငံနှင့်လူမျိုး၏ အကျိုးစီးပွား၊ တစ်နည်းပြောရလျှင် ပြည်ထောင်စုကြီးတစ်ရပ်လုံး၏ အကျိုးစီးပွားတို့ကို ညီညွတ်မျှတစွာ ပေါင်းစည်းဖော်ဆောင်နိုင်စေရန်အတွက် တစ်ခုတည်းသောလမ်းကြောင်းဖြစ်သည့် နိုင်ငံတော် ရှေ့ဆက်လျှောက်လှမ်းရမည့် လမ်းစဉ်ကိုလည်း ခိုင်ခိုင်မာမာချမှတ်ထားပြီးဖြစ်သောကြောင့် ရှေ့ဆက်လျှောက်လှမ်းရမည့် ခရီးစဉ်အဆင့်ဆင့်တွင် တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံး တွဲလက်ညီညီဖြင့် စည်းစည်းလုံးလုံး လျှောက်လှမ်းကြရန်သာ အဓိကဖြစ်ကြောင်း။

ရှမ်းပြည်နယ်အတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားပြည်သူများအားလုံးက သမိုင်းကြောင်းနောက်ပြန်လှည့်ပြီး အနိဋ္ဌာရုံဖြစ်ရပ်ဆိုးများ ပြန်လည်ဖြစ်ပေါ်စေမည့် ဘေးပယောဂ သွေးထိုးလှုံ့ဆော်မှုများကို ရှောင်ရှားကြရန်လိုကြောင်း၊ ရှမ်းပြည်နယ်၏ တည်ငြိမ်အေးချမ်းမှု၊ ဖွံ့ဖြိုးတိုးတက်မှု အပြုသဘောဆောင်သည့် မင်္ဂလာတရားများကို ဆက်လက်ပွားများစေရအောင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်အခြေခံဖြင့် စည်းစည်းလုံးလုံး၊ ညီညီညွတ်ညွတ် ဆက်လက် အားထုတ်ကြိုးပမ်းသွားကြပါဟု ပြောကြားသည်။



**မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များ အစိုးရနည်းပညာကောလိပ် (အေးသာယာ) စာသင်ခန်းများကို ကြည့်ရှုစစ်ဆေးကြစဉ်။** (သတင်းစဉ်)

## ရှင်းလင်းတင်ပြ

ယင်းနောက် မန္တလေးနည်းပညာတက္ကသိုလ်မှ ဒုတိယပါမောက္ခချုပ် ဒေါက်တာကေသီလွင်က နိုင်ငံတော်၏ ပညာရေးကဏ္ဍ တိုးတက်ဖြစ်ထွန်းမှုများ၊ အစိုးရနည်းပညာကောလိပ်(အေးသာယာ) ပင်မသုံးထပ်စာသင်ဆောင်သစ်တည်ဆောက်ခဲ့မှုအခြေအနေ၊ ဖွင့်လှစ်သင်ကြားလျက်ရှိသည့် သင်တန်းများအခြေအနေနှင့် သင်ကြားစီမံကိစ္စရပ်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အစိုးရနည်းပညာကောလိပ်(အေးသာယာ)မှ ကျောင်းသားကျောင်းသူများ ကိုယ်စား မြို့ပြအင်ဂျင်နီယာဌာန ဒုတိယနှစ် (B.Tech) သင်တန်းတွင် တက်ရောက်ပညာသင်ယူနေသော ကျောင်းသူ မအင်ကြင်ငုံက ကျောင်းဆောင်သစ် တည်ဆောက်ဖွင့်လှစ်ပေးခြင်းအတွက် နိုင်ငံတော်အစိုးရအား ဂုဏ်ယူဝမ်းမြောက် ကျေးဇူးတင်စကားပြောကြားပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

## လှည့်လည်ကြည့်ရှု

အခမ်းအနားအပြီးတွင် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အဖွဲ့ဝင်များသည် Computer Room၊ Lab Room၊ Drawing Room၊ Research Activities ခန်းများနှင့် e-library တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။ **(သတင်းစဉ်)**



**ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ သံအမတ်ကြီးများနှင့် သံတမန်များ အစိုးရနည်းပညာကောလိပ် (အေးသာယာ)ရှိ စာသင်ခန်းများကို ကြည့်ရှုလေ့လာကြစဉ်။** (သတင်းစဉ်)

## ကျောင်းကျန်းမာရေး ပညာပေးဟောပြော

**ရန်ကုန် ဇူလိုင် ၁၈**

ရှမ်းပြည်နယ်(မြောက်ပိုင်း)မူဆယ်ခရိုင် မူဆယ်မြို့နယ် အခြေခံပညာအလယ်တန်းကျောင်း၌ ဇွန် ၂၇ ရက် နံနက်၁၀နာရီက မူဆယ်ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်စန်းစန်းခိုင်နှင့်အဖွဲ့ဝင်များ၊ ကျန်းမာရေးဌာနမှ သွားအထူးကုဆရာဝန်ကြီးဦးခင်မောင်လတ် ဦးဆောင်ပါဝင်သော သွားဆရာဝန်များနှင့် ကျန်းမာရေးအဖွဲ့များသည် ကျောင်းသားကျောင်းသူ ၄၇၅ဦးတို့ကို သန်ချဆေးနှင့် အားဆေးများ တိုက်ကျွေးခြင်း၊ ကျန်းမာရေး စစ်ဆေးပေးခြင်းကို ဆောင်ရွက်ခဲ့သည်။

ထို့နောက် ကျန်းမာရေးဟောပြောပွဲများကိုလည်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(က–ပ)**

## မန္တလေးအသင်း(ရန်ကုန်) ဝါဆိုသင်္ကန်းကပ်လှူမည်

**ရန်ကုန် ဇူလိုင် ၁၈**

မန္တလေးအသင်း(ရန်ကုန်)၏ ဝါဆိုသင်္ကန်းကပ်လှူပွဲကို ဇူလိုင် ၂၃ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် ပန်းဘဲတန်းမြို့နယ် ကုန်သည်လမ်းနှင့် လမ်း ၃၀ ထောင့် အမှတ် ၆၂၈/၆၃၂ ပထမထပ်ရှိ မန္တလေးအသင်းတိုက် ရတနာပုံခန်းမဆောင်၌ ကျင်းပမည်ဖြစ်သည်။ ဝါဆိုသင်္ကန်းကပ်လှူပွဲသို့ မန္တလေးအသင်းဝင်များ၊ မိတ်သင်္ဂဟများ တက်ရောက်ကြရန်နှင့် ပါဝင်လှူဒါန်းလိုသူများသည် မန္တလေးအသင်းတိုက် ဖုန်း–၃၈၈၆၀၃ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

■ **ကျောဖုံးမှ**

## ဖြည့်ဆည်းပေး

ထိုမှတစ်ဆင့် အတွင်းရေးမှူး(၁) နှင့်အဖွဲ့ဝင်များသည် လွိုင်လင်မြို့ရှိ အစိုးရကွန်ပျူတာကောလိပ် (ပင်လုံ) သို့ ရောက်ရှိကြရာ ကျောင်းအုပ်ကြီး ဒေါက်တာအေးအေးစိမ့်နှင့် ဆရာ ဆရာမများက ကြိုဆိုကြပြီး အတွင်း ရေးမှူး(၁)က ကျောင်း၏ သင်ကြား စီမံကိန်းရပ်များနှင့်စပ်လျဉ်း၍ မေးမြန်း ဆွေးနွေးကာ လိုအပ်သည်များကို ဖြည့် ဆည်းပေးသည်။

ထို့နောက် အတွင်းရေးမှူး(၁) သည် ကျောင်းအုပ်ကြီး ဒေါက်တာ အေးအေးစိမ့်နှင့် ဆရာ ဆရာမများ အား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ယင်းနောက် အတွင်းရေးမှူး(၁) နှင့် အဖွဲ့ဝင်များသည် အစိုးရနည်း ပညာ ကောလိပ်(ပင်လုံ)သို့ ရောက်ရှိ ကြရာ ကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများက ကြိုဆိုကြသည်။

## လေ့ကျင့်သင်ကြား

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များအား အစိုးရနည်းပညာ ကောလိပ်(ပင်လုံ) ကျောင်းအုပ်ကြီး ဒေါက်တာဟန်မင်းထွန်းက ကျောင်း ၏ သင်ကြားစီမံ ကိန်းရပ်များကို ရှင်းလင်းတင်ပြရာ အတွင်းရေးမှူး(၁) က လိုအပ်သည်များကို ဖြည့်ဆည်း ပေးပြီး ဆရာ ဆရာမများအနေဖြင့် မိမိတို့၏အရည်အသွေး မြင့်မားရေး ကို အမြဲမပြတ် ဆည်းပူးလေ့လာ၍ ကျောင်းသား ကျောင်းသူများအား အရည်အချင်းပြည့်ဝပြီး လက်တွေ့ လုပ်ငန်းခွင်တွင် ကျွမ်းကျင်တတ် မြောက်သည့် ပညာရှင်များအဖြစ် ခိုင်ခိုင်မာမာရပ်တည်နိုင်ရေးအတွက် လေ့ကျင့်သင်ကြားပေးရေး မှာကြား သည်။

ယင်းနောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့် အဖွဲ့ ဝင်များသည် ည ၇ နာရီတွင် လွိုင်လင် မြို့ ရတနာစည် ကျောင်းတိုက်သို့ ရောက်ရှိကြပြီး မြို့နယ်သံဃနာယက အဖွဲ့အကျိုးတော်ဆောင် ရတနာစည် ကျောင်းတိုက် ပဓာနနာယက ဆရာ တော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တသီလာနန္ဒအား ဖူးမြော်ကြည်ညို ကာ လှူဖွယ်ပစ္စည်းများကို ဆက်ကပ် လှူဒါန်းသည်။

## ဆက်ကပ်လှူဒါန်း

ဆက်လက်၍ အဖွဲ့ဝင်အဖြစ် လိုက်ပါလာသည့် ဝန်ကြီးများနှင့် ဒုတိယဝန်ကြီးတို့က သံဃာတော်များ အား ပရိက္ခရာရှစ်ပါးနှင့် လှူဖွယ် ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြ သည်။

## လဲချားမြို့ရောက်

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင် လင်ခရိုင် လွိုင်လင်မြို့၌ ရောက်ရှိနေ သော နိုင်ငံတော်အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာ အကြီးအကဲများနှင့်အတူ ဇူလိုင် ၁၆ ရက် နံနက် ၇ နာရီ ၁၅မိနစ်တွင် တပ်မတော် ရဟတ်ယာဉ်များဖြင့် လဲချားမြို့သို့ရောက်ရှိရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင် ကာကွယ်ရေးဝန်ကြီး ဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အရှေ့ပိုင်း တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် သောင်းအေး၊ ပြန်ကြားရေးဝန်ကြီး ဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ရဲချုပ်ဗိုလ်မှူးချုပ်ခင်ရီ၊ ဥပဒေ ဘောင်အတွင်း ဝင်ရောက်လာသော



## ဖူးမြော်ကြည်ညို

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်း ရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ပင်လုံမြို့ရှိ မဟာရဋ္ဌာဘိသာမဂ္ဂီ စေတီတော်ဂန္ဓကုဋိတိုက်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်များအား လှည့်လည် ဖူးမြော်ကြည်ညိုစဉ်။** (သတင်းစဉ်)

ရှမ်းပြည်တပ်မတော် (တောင်ပိုင်း) (SSA-S) (ရှက်ဆစ်အဖွဲ့)မှ ဒုစစ် ဦးစီးချုပ်အဆင့်ရှိ တပ်မဟာ(၇၅၈) တပ်မဟာမှူး ဦးမိန်းစင်နှင့် အဖွဲ့ဝင် များက ကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်သည် နံနက် ၁၀ နာရီတွင် ရှမ်းပြည်နယ်(တောင်ပိုင်း)လွိုင်လင် ခရိုင် လဲချားမြို့ သီရိပဟံသာခန်းမ၌ ကျင်းပသည့် ရှမ်းပြည်တပ်မတော် (တောင်ပိုင်း) (SSA-S) (ရှက်ဆစ် အဖွဲ့)မှ ဒုစစ်ဦးစီးချုပ် အဆင့်ရှိ တပ်မဟာ(၇၅၈)တပ်မဟာမှူးဦးမိန်း စင်ဦးစီး တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့က လက်နက်ကိုင် လမ်းစဉ်ကို စွန့်လွှတ်၍ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာခြင်းအခမ်းအနားနှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများ ပဋ္ဌမအကြိမ် မြောက် မီးရှို့ဖျက်ဆီးပွဲအခမ်းအနား သို့ တက်ရောက်သည်။



**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်း ရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ပင်လုံမြို့ရှိ မဟာရဋ္ဌာဘိသာမဂ္ဂီ စေတီတော်အတွက် အလှူတော်ငွေများကို ပေးအပ်လှူဒါန်းစဉ်။** (သတင်းစဉ်)

## ဆွေးနွေးမှာကြား

ယင်းနောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် သည် မွန်းလွဲပိုင်းတွင် လဲချားမြို့ရှိ နယ်မြေခံ တပ်နယ်ဒေသ်ခန်းမ၌ ဥပဒေဘောင် အတွင်း ဝင်ရောက်လာကြသည့် ရှမ်းပြည်တပ်မတော် (တောင်ပိုင်း) (SSA-S)(ရှက်ဆစ်အဖွဲ့)မှ ဒုစစ်ဦးစီး ချုပ်အဆင့်ရှိ တပ်မဟာ(၇၅၈) တပ် မဟာမှူးဦးမိန်းစင်နှင့်အဖွဲ့ဝင်များအား တွေ့ဆုံ၍ နယ်မြေဒေသ အေးချမ်း သာယာရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေး တို့နှင့်စပ်လျဉ်း၍ ဆွေးနွေးမှာကြား သည်။

ထို့နောက် အတွင်းရေးမှူး(၁) နှင့် အဖွဲ့ဝင်များသည် ညနေပိုင်းတွင် တပ်မတော် ရဟတ်ယာဉ်များဖြင့် လဲချားမြို့မှတစ်ဆင့် တောင်ကြီးမြို့သို့ ရောက်ရှိကြသည်။

## ညစာစားပွဲတက်ရောက်

ညပိုင်းတွင် နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်သည် တောင်ကြီးမြို့ မြို့တော် ခန်းမ၌ ရှမ်းပြည်နယ်အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သောင်းအေးက လွိုင်လင် ခရိုင် လဲချားမြို့၌ကျင်းပသော ရှမ်းပြည် တပ်မတော်(တောင်ပိုင်း)(SSA-S) (ရှက်ဆစ်အဖွဲ့)မှ ဒုစစ်ဦးစီးချုပ်အဆင့် ရှိ တပ်မဟာ(၇၅၈) တပ်မဟာမှူး ဦးမိန်းစင် ဦးစီးတိုင်းရင်းသားလက်နက် ကိုင်အဖွဲ့မှ လက်နက်ကိုင်လမ်းစဉ်ကို စွန့်လွှတ်၍ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာခြင်း အခမ်းအနားနှင့် ရှမ်းပြည်နယ်(တောင်ပိုင်း) ဖမ်းဆီး ရမိ မူးယစ်ဆေးဝါးများ ပဋ္ဌမအကြိမ် မြောက် မီးရှို့ဖျက်ဆီးပွဲအခမ်းအနားသို့ တက်ရောက်ခဲ့ကြသည့် ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံတမန်များ နှင့် ပြည်တွင်း ပြည်ပ သတင်းစာ ဆရာများအား တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက် ချီးမြှင့် သည်။

ယင်းနောက် အတွင်းရေးမှူး (၁) နှင့် အဖွဲ့ဝင်များသည် တောင်ကြီးမြို့၌ ရပ်နားကြသည်။

## စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး

အတွင်းရေးမှူး (၁) ဒုတိယ ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အဖွဲ့ဝင်များ သည် ဇူလိုင် ၁၇ရက် နံနက်ပိုင်းတွင်

**စာမျက်နှာ ၈ ကော်လံ ၁ သို့**



**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်း ရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် လွိုင်လင်မြို့ ရတနာစည် ကျောင်းတိုက် မြို့နယ်သံဃနာယကအဖွဲ့ အကျိုးတော်ဆောင် ရတနာ စည်ကျောင်းတိုက် ပဓာနနာယက ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တသီလာနန္ဒအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။** (သတင်းစဉ်)

**နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက်အခြေခံကျသည့်စိုက်ပျိုး ရေးကဏ္ဍ တိုးတက်မြင့်မားရေးကို ဦးစားပေးဆောင်ရွက်လျက်ရှိသဖြင့် စက်မှု ဇုန်များကလည်း စိုက်ပျိုးရေးကဏ္ဍ အထောက်အကူပြုစက်ကိရိယာပစ္စည်း များကို ဦးစားပေးထုတ်လုပ်၊**

**နိုင်ငံတော်အတွင်းရှိ အစိုးရပိုင်နှင့် ပုဂ္ဂလိကပိုင် စက်ရုံ၊ အလုပ်ရုံများ အတွက် ပြည်ပက မှာယူတင်သွင်းနေရသည့် စက်အရန်ပစ္စည်းများကိုလည်း စက်မှုဇုန်များကပင် အရည်အသွေးမီမီ လုံလုံလောက်လောက် ထုတ်လုပ်နိုင် အောင် ကြိုးပမ်းဆောင်ရွက်။**

# စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် စိုက်ပျိုးရေးကဏ္ဍ တိုးတက်မြင့်မားရေး ဦးစားပေး စက်မှုဇုန်များက စိုက်ပျိုးရေးကဏ္ဍ အထောက်အကူပြုစက်ပစ္စည်းများ ထုတ်လုပ်

စာမျက်နှာ ၇ မှ

တောင်ကြီးမြို့နယ်ရှိ အေးသာယာစက်မှုဇုန်သို့ ရောက်ရှိကြပြီး ခေတ်မီသံရည်ကျိုစက်ရုံ ရှင်းလင်းဆောင်၌ စက်မှုဇုန် ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင်များ၊ မော်တော်ယာဉ်ထုတ်လုပ်ရေးကော်မတီဝင်များနှင့် သံရည်ကျိုစက်ရုံလုပ်ငန်းရှင်များအား တွေ့ဆုံ၍ နိုင်ငံတော်၏ စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို ဆွေးနွေးမှာကြားကြသည်။

ရှေးဦးစွာ တောင်ကြီး(အေးသာယာ)စက်မှုဇုန် တာဝန်ခံ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်လွန်းသိက စက်မှုဇုန်မြေနေရာ ထပ်မံတိုးချဲ့ဖော်ထုတ်မှု၊ သံမဏိသံရည်ကျို စက်ရုံတည်ဆောက်ပြီးစီးမှု၊ ကြက်ဆူဆီကြိတ်စက်များ စမ်းသပ်ထုတ်လုပ်နေမှု၊သံမဏိအရည်ကျိုစက်ရုံဆက်လက်တိုးချဲ့ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။





ခဲ့မှုကြောင့် ယနေ့ဆိုလျှင် ယခင်ကပန်းပဲဖိုသာသာ အဆင့်မှ ခေတ်မီစက်ကိရိယာများ တပ်ဆင် အသုံးပြုလျက် မော်တော်ယာဉ်၊ လယ်ယာ

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တောင်ကြီးမြို့နယ် အေးသာယာစက်မှုဇုန်ရှိ ခေတ်မီသံရည်ကျိုစက်ရုံ ရှင်းလင်းဆောင်၌ စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင်များ၊ မော်တော်ယာဉ်ထုတ်လုပ်ရေးကော်မတီဝင်များနှင့် သံရည်ကျိုစက်ရုံလုပ်ငန်းရှင်များအား ဆွေးနွေးမှာကြားစဉ်။** (သတင်းစဉ်)

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တောင်ကြီးမြို့(အေးသာယာ) စက်မှုဇုန်အရောင်းပြခန်း၌ ခင်းကျင်းပြသထားသော အေးသာယာစက်မှုဇုန်မှ ထုတ်လုပ်သည့်ဂျစ်ကားများ၊ Light Truck ကားများ၊ရှမ်းစတားမြေသယ်ယာဉ်၊ တံခါးလေးပေါက်ဂျစ်ကားများကို ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)

အရင်းအနှီးများကို စိုက်ပျိုးရေးကဏ္ဍမှရရှိအောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိနေကြောင်း၊ စိုက်ပျိုးရေးကဏ္ဍမှ စုဆောင်းရရှိသည့် အရင်းအနှီးဖြင့်

ပညာရေးကဏ္ဍမှ လေ့ကျင့်သင်ကြားပေးလျက်ရှိနေကြောင်း။

ထို့ကြောင့် နိုင်ငံတော်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် အခြေခံ

ဦးစားပေးထုတ်လုပ်သွားရန် မှာကြားလိုကြောင်း။

ထို့အပြင် နိုင်ငံတော်အတွင်းရှိ အစိုးရပိုင်နှင့်ပုဂ္ဂလိကပိုင်စက်ရုံအလုပ်ရုံများအတွက် ပြည်ပက မှာယူ တင်သွင်းနေရသည့် စက်အရန် ပစ္စည်းများကိုလည်း စက်မှုဇုန်များကပင်

အရည်အသွေးမီမီ လုံလုံလောက်လောက် ထုတ်လုပ်နိုင်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း။

တစ်ဆက်တည်းမှာပင် မိမိတို့၏ စက်မှုဇုန်များက နိုင်ငံတကာအဆင့်မီအရည်အသွေးကောင်း စက်မှုထုတ်ကုန်ပစ္စည်းများ ထုတ်လုပ်နိုင်ရေး

**ဆရာ ဆရာမများအနေဖြင့် မိမိတို့၏ အရည်အသွေး မြင့်မားရေးကို အမြဲမပြတ် ဆည်းပူးလေ့လာ၍ ကျောင်းသား ကျောင်းသူများအား အရည်အချင်းပြည့်ဝပြီး လက်တွေ့လုပ်ငန်းခွင်တွင် ကျွမ်းကျင်တတ်မြောက်သည့် ပညာရှင်များအဖြစ် ခိုင်ခိုင်မာမာရပ်တည်နိုင်ရေးအတွက် လေ့ကျင့်သင်ကြားပေး။**



**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး ရှမ်းပြည်နယ်(တောင်ပိုင်း) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များ၊ တောင်ကြီးခရိုင်နှင့်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်များနှင့်အသင်းဝင်များအား အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)

## ပိုမိုတိုးတက်

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ အတွင်းရေးမှူး(၁)က သိရှိလိုသည်များကို မေးမြန်းပြီး ဆွေးနွေးမှာကြားရာတွင် ယနေ့ မိမိနှင့်အဖွဲ့အနေဖြင့် တောင်ကြီး(အေးသာယာ)စက်မှုဇုန်ကို ကြည့်ရှုလေ့လာပြီး စက်မှုဇုန်ဖွံ့ဖြိုး တိုးတက်ရေး အားပေးကူညီရန် လာရောက်ခဲ့ကြခြင်းဖြစ်ကြောင်း၊ မိမိ အနေဖြင့်လည်း ဤစက်မှုဇုန်သို့ မကြာခဏ ရောက်ရှိခဲ့ပြီး ရောက်ခဲ့သည့်အချိန်တိုင်းတွင်လည်း စက်မှုဇုန်၏ အခြေအနေများ ပိုမိုတိုးတက်သည်ထက် တိုးတက်လျက်ရှိနေသည်ကို တွေ့ရှိရကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စက်မှုဇုန်များကိုထူထောင်ပြီး လိုအပ်သည့် အားပေးကူညီမှုများ ဆောင်ရွက်

သုံးစက်ပစ္စည်းများ ထုတ်လုပ်နိုင်သည့်အဆင့်သို့ ရောက်ရှိနေပြီဖြစ်သည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း။

နိုင်ငံတော်ကိုကြည့်လျှင် စက်မှုတိုးတက်သည့်နိုင်ငံများသည် ကြွယ်ဝချမ်းသာလျက်ရှိနေသည်ကို တွေ့ရှိနေရမည်ဖြစ်ကြောင်း၊ အဆိုပါ နိုင်ငံကြီးများ၏ တိုးတက်မှုကို လေ့လာကြည့်ပါကလည်း ယခင်က မိမိတို့ကဲ့သို့ပင် စတင်ခဲ့ကြပြီး ယခုကဲ့သို့ စက်မှုထွန်းကားသည့်နိုင်ငံများ ဖြစ်ပေါ်လာခြင်းဖြစ်သည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း။

### လူ့စွမ်းအားအရင်းအမြစ်

ဤနေရာတွင် စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ငွေကြေးနှင့် လူ့စွမ်းအား အရင်းအမြစ်များသည် အဓိကလိုအပ်ချက်ဖြစ်သည်နှင့်အညီ စက်မှုကဏ္ဍအတွက် လိုအပ်မည့်

စက်မှုကဏ္ဍသို့ ကူးပြောင်းရန်ဖြစ်ကြောင်း၊ တစ်ချိန်တည်းမှာပင် အဓိကလိုအပ်သည့် ပညာရှင် လူ့စွမ်းအား အရင်းအမြစ်များ လုံလုံလောက်လောက် ရရှိရေးအတွက်ကိုလည်း

ကျသည့် စိုက်ပျိုးရေးကဏ္ဍတိုးတက်မြင့်မားရေးကို ဦးစားပေးဆောင်ရွက်လျက်ရှိသဖြင့် စက်မှုဇုန်များကလည်း စိုက်ပျိုးရေးကဏ္ဍ အထောက်အကူပြု စက်ကိရိယာ ပစ္စည်းများကို







နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် လှိုင်လင်မြို့ရှိ အစိုးရကွန်ပျူတာကောလိပ်(ပင်လုံ)တွင် ကျောင်းအုပ်ကြီး ဒေါက်တာအေးအေးစိမ့်နှင့် ဆရာ ဆရာမများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

(သတင်းစဉ်)

အတွက် ကွန်ပျူတာသုံး ခေတ်မီစက်ကိရိယာများ တပ်ဆင်အသုံးပြုနိုင်ရေး၊ အဆင့်မြင့် နည်းပညာကျွမ်းကျင်သည့် ပညာရှင်များ ပြုစု ပျိုးထောင်ရေး လုပ်ငန်းများကို ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြရေးမှာကြားသည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် Machine Shop သို့ သွားရောက်၍ စက်ရုံမှ ထုတ်လုပ်သည့် Fly Wheel(˚2C˚) Liace Brake Drum နှင့် Van Brake Drum အစရှိသည့် မော်တော်ယာဉ်သုံးစက်ပစ္စည်း အစိတ်အပိုင်းများနှင့် ကြက်ဆူဆီကြိတ်စက်များကို လည်းကောင်း၊ Foundry Shop ၌စက်ရုံမှ ထုတ်လုပ်သည့် မော်တော်ယာဉ်သုံး Fly Wheel(5B)၊ တစ်ရက်လျှင် ၂၅ဂါလန်နှင့် ဂါလန် ၂၅၀ကျ ကြက်ဆူဆီကြိတ်စက်များဖြင့် ကြက်ဆူဆီထုတ်လုပ်နေမှု၊ ကြက်ဆူဆီမီးဖိုများ၊ သံမဏိအရည်ကျို မီးဖိုဖြင့် သံရည်ကျိုချက်မှု လုပ်ငန်းများကို လည်းကောင်း၊ Forging Shop ၌ ပုံဖိစက်များဖြင့် ရှမ်းစတားမော်တော်ယာဉ် ဖရိန်ကို တစ်ဆက်တစ်စပ်တည်း ပုံသွန်းထုတ်လုပ်နေမှုများကို လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ စက်မှုဇုန်အရောင်းပြခန်း၌ ခင်းကျင်းပြသထားသော အေးသာယာစက်မှုဇုန်က ထုတ်လုပ်သည့် ဓာတ်မြေသြဇာများနှင့် ရွက်ဖျန်းမြေ သြဇာများ၊ ဂျစ်ကားများ၊ Light Truckကားများ၊ ရှမ်းစတားမြေသယ်ယာဉ်၊ တံခါးလေးပေါက်ဂျစ်ကားများ၊ မော်တော်ယာဉ်သုံး ဖိုင်ဘာ ထုတ်ကုန်ပစ္စည်းများနှင့် လယ်ယာသုံး လက်တွန်းထွန်စက်များကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် တပ်မတော်ရဟတ်ယာဉ်များဖြင့် ထွက်ခွာလာရာ မွန်းလွဲပိုင်းတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြသည်။

**စီးပွားဖြစ်စိုက်ပျိုး**

အတွင်းရေးမှူး(၁)နှင့်အတူ အဖွဲ့ဝင်အဖြစ်လိုက်ပါလာသောပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်ဌေးဦးသည် ဇူလိုင် ၁၅ ရက် ညနေ ၄ နာရီတွင် လှိုင်လင်ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးခန်းမ၌ လှိုင်လင်ခရိုင်နှင့် လှိုင်လင်၊ နမ့်စန်၊ မိုင်းပွန်မြို့နယ်တို့မှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးများနှင့် အလုပ်အမှုဆောင်များအားလည်းကောင်း၊ ဇူလိုင် ၁၆ ရက် ညနေပိုင်းတွင် တောင်ကြီးမြို့ရှိ ရှမ်းပြည်နယ် (တောင်ပိုင်း)ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးခန်းမ၌ ရှမ်းပြည်နယ်(တောင်ပိုင်း) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များ၊တောင်ကြီး ခရိုင်နှင့်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်များနှင့် အသင်းဝင်များအား လည်းကောင်း တွေ့ဆုံပြီး အသင်း၏ရည်ရွယ်ချက်နှင့် လုပ်ငန်းစဉ်များအောင်မြင်ရေး၊ စက်သုံးဆီအစားထိုး ဇီဝဒီဇယ် ထုတ်ယူနိုင်သော ခြစ်ဆည်းရိုးကြက်ဆူပင်များကို စီးပွားဖြစ် စိုက်ခင်းများအဖြစ် တိုးချဲ့စိုက်ပျိုးရေးနှင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ပြည်သူများနှင့် လက်တွဲ၍ တက်ကြွစွာပူးပေါင်းဆောင်ရွက်ရေးတို့ကို ဆွေးနွေးမှာကြားသည်။

ထို့အတူ အဖွဲ့ဝင်အဖြစ်လိုက်ပါလာသော ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်မောင်ဦးသည် ဇူလိုင် ၁၅ ရက် ညနေပိုင်းတွင် လှိုင်လင်မြို့ရှိ မြို့နယ် စည်ပင်သာယာခန်းမ၌ ပြည်ထဲရေးဝန်ကြီးဌာန အောက်ရှိ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနနှင့် အကျဉ်းဦးစီးဌာနတို့မှ မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများအား တွေ့ဆုံ၍ လုပ်ငန်းများကို ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ စနစ်တကျဆောင်ရွက်ရေး၊ နိုင်ငံတော်နှင့်ပြည်သူ့အကျိုးပြုလုပ်ငန်းများတွင် ဒေသခံပြည်သူများနှင့်အတူ တက်ကြွစွာ ပူးပေါင်း ဆောင်ရွက်ရေးတို့ကို ဆွေးနွေးမှာကြားသည်။

**ကြင်နာစွာလက်ခံပြုစု**

အလားတူ အဖွဲ့ဝင်အဖြစ်လိုက်ပါလာသည့် ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်သည် ဇူလိုင် ၁၅ ရက် ညနေ ၃ နာရီတွင် လှိုင်လင်မြို့ အထွေထွေရောဂါကုဆေးရုံကြီးသို့သွားရောက်၍ သားဖွားမီးယပ်ဆောင်၊ ကလေးဆောင်၊ အမျိုးသမီး ခွဲစိတ်ဆောင်နှင့် အမျိုးသားခွဲစိတ်ဆောင်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းပေးကာ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု အပြည့်အဝပေးနိုင်ရေး၊ လူနာများအား နွေးထွေး ကြင်နာစွာ လက်ခံပြုစုစောင့်ရှောက်ပေးရေးနှင့် ကျန်းမာရေး ပညာပေးလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ပေးရေးတို့ကို တာဝန်ရှိသူများအား မှာကြားသည်။

ထို့အတူ အဖွဲ့ဝင်အဖြစ် လိုက်ပါလာသည့် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်မျိုးမင်းသည် ဇူလိုင် ၁၅ ရက် ညနေပိုင်းတွင် လှိုင်လင်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း နဝဒေးခန်းမ၌ မြို့နယ်ပညာရေးမှူး၊ လှိုင်လင်မြို့ပေါ်ရှိ အခြေခံပညာကျောင်းများမှ ဆရာ ဆရာမများနှင့် ပညာရေးဝန်ထမ်းများအား တွေ့ဆုံ၍ သင်ကြားစီမံ ကိစ္စရပ်များကို ဆွေးနွေးမှာကြားသည်။ **(သတင်းစဉ်)**

# နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း အမှတ်( ၈၇ ) ထုတ်ဝေဖြန့်ချိ

**ရန်ကုန် ဇူလိုင် ၁၈**

ပြန်ကြားရေးဝန်ကြီးဌာနက ကြီးကြပ် စီစဉ်ထုတ်ဝေသော နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်းအမှတ်(၈၇)ကို ယနေ့ဖြန့်ချိလိုက်သည်။ **(အောက်ယာပုံ)**



မြင်းမူမောင်နိုင်မိုး၊ ကို(တက္ကသိုလ်)၊ ဇော်မင်းမင်းဦး၊ ကြူကြူသင်း၊ ဖိုးရန်နိုင်(ကျောက်ကြီး)၊ ရန်နိုင်ဦး၊ မောင်ကြင်နွယ်၊ သာကီဟိန်း(တကောင်း)၊ ဘွင်းဘွင်း၊ ကြည်မျိုးထက်(ဒိုက်ဦး)၊ ညိုဘန်း(လေးဝတီ)၊ ရွှေဝတို့၏ အဖွင့်ကဗျာများ၊ မလေးပို၊ တက္ကသိုလ်တင်ခ၊ စောမုံညင်း၊ မကြန်၊ မောင်ခင်မင်(ဓနုဖြူ)၊ ဒေါက်တာမတင်ဝင်း၊ မြင့်သိန်းအောင်၊ ပခုက္ကူဦးအုံးဖေ၊ ဒင်းပုန်းအရှင်မဏ္ဍလ(ဆင်ပေါင်ဝဲ)၊ ချစ်နိုင်(စိတ်ပညာ)၊ မောင်ချစ်ထွေး (မဟာဝိဇ္ဇာ)၊ သန်းဝင်းရှိန်၊ မင်းဗထူး၊ ဝင်းနိုင်သောင်း၊ နန္ဒာမိုးကြယ်၊ နီမင်းညို၊ ခင်သင်းမော်၊ ဒေါက်တာလှဖေ၊ နီငြိမ်း(အညာတက္ကသိုလ်)၊ တင်ဝင်း(ကသာ)၊ ချိုဝေလွင်၊ တက္ကသိုလ်စိုးယဉ်၊ ခိုင်ဇင်သန့်၊ မိုးသစ်(ကချင်မြေ)၊ မောင်အောင်မြင်(မိတ္ထီလာ)၊ အေးမ(ကလော)၊ ကိုသက်(ဇီးကုန်း)တို့၏ ဆောင်းပါးများ၊ ဆင်ဖြူကျွန်းအောင်သိန်း၊ ဦးစံတင်အောင်(ရွှေဘို)၊ နွေ၊ စစ်ကိုင်းစိမ်းစိမ်း၊ မောင်မိုးဆွေ(မြင်းခြံ)တို့၏ဝတ္ထုတို၊ ပြဇာတ်နှင့်ကာတွန်းများအပြင် ဗုဒ္ဓစာဉယျာဉ်၊ တောလေ့စာပန်းချီ၊ ကလေးတို့အတွက် ကဗျာလက်ဆောင် စာလက်ဆောင်၊ ကဗျာပန်းရုံရိပ်၊ အမျိုးသမီးကဏ္ဍ၊ တိုင်းရင်းသားကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ ပုံပြင်ကဏ္ဍစုံလင်စွာ တင်ဆက်ထားသည်။ အဆိုပါမဂ္ဂဇင်းကို နိုင်ငံ့ဂုဏ်ရည်စာပေတိုက်၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းစာအုပ်ဆိုင်၊ စာပေဗိမာန်စာအုပ်ဆိုင်နှင့် အခြားဆိုင်ကြီးများအပြင် မြို့နယ်အသီးသီးရှိ စာအုပ်ဆိုင်ကြီးများတွင်လည်း ဝယ်ယူရရှိနိုင်ကြောင်းသိရသည်။

**(သတင်းစဉ်)**

# မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာနသစ်ပင်စိုက်ပျိုး ငါးသားပေါက်များ မျိုးစိုက်ပြုစုခြင်းကျင်းပ

ရန်ကုန် ဇူလိုင် ၁၈

**မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ၂၀၀၆ခုနှစ် သစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို ဇူလိုင်၁၅ရက် နံနက် ၈နာရီတွင် နေပြည်တော်ရှိ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီးရုံးအနီးတွင်ကျင်းပရာ ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း တက်ရောက်၍ ဗန္ဓုရသရက်ပင်ကို စိုက်ပျိုးပေးသည်။**

ထို့နောက် ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးက စိန်တစ်လုံးသရက်ပင်များ စိုက်ပျိုးပေးပြီး ဝန်ထမ်းများက ခြစ်ဆည်းရိုးကြက်ဆူပင်များ စိုက်ပျိုးကြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဇူလိုင် ၁၇ရက် နံနက် ၉နာရီတွင် နေပြည်တော်ရှိ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန တစ်ဖက်ပိတ်ဆည်အမှတ် (၂၉)တွင် ငါးသားပေါက်များ မျိုးစိုက်ပြုစုခြင်း အခမ်းအနားကို ကျင်းပရာ ဝန်ကြီး ဗိုလ်မှူးချုပ် မောင်မောင်သိမ်း တက်ရောက်၍ ငါးမျိုးများ စိုက်ထည့်ပေးသည်။

**မျိုးစိုက်ထည့်**

ငါးသားပေါက်များ မျိုးစိုက်ပြုစုခြင်း အခမ်းအနားတွင် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ မွေးမြူရေးအဖွဲ့ချုပ်နှင့် တာဝန်ရှိသူများက ငါးခုံးမ၊ငါးမြစ်ချင်း၊ မြက်စားငါးကြင်း၊ တီလားပီးယား၊ ငွေရောင်ငါးကြင်းစသည့် ငါးသားပေါက်ကောင်ရေ ၅၀၀၀၀ကျော်ကို မျိုးစိုက်ထည့်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# တိုင်းရင်းဆေးဝါးမှတ်ပုံတင်ထားခြင်းမရှိသော ဆေးဝါးများဖြစ်၍ ပြည်သူအများသုံးစွဲရန်မသင့်ကြောင်းကြေညာ

၁။ မြန်မာနိုင်ငံတိုင်းရင်းဆေးဝါးဈေးကွက်အတွင်း ရောင်းချလျက်ရှိသော အောက်ဖော်ပြပါ ဆေးဝါးများသည် တိုင်းရင်းဆေးဝါးမှတ်ပုံတင်ထားခြင်းမရှိသော ဆေးဝါးများဖြစ်၍ စစ်မှန်အစွမ်းထက်မှုကို အာမခံချက်မပေးနိုင်သည့် ဆေးဝါးများဖြစ်၍ ပြည်သူအများ သုံးစွဲရန်မသင့်လျော်ကြောင်း အသိပေးအပ်ပါသည်။

| စဉ် | ဆေးဝါးအမည် | ထုတ်လုပ်ရာဌာန |
|---|---|---|
| ၁ | သကြားမင်းအမှတ်တံဆိပ် သွားကိုက်ပျောက်ဆေး | လိပ်စာဖော်ပြထားခြင်းမရှိပါ။ |
| ၂ | ပျားအုံအမှတ်တံဆိပ် သလိပ်ကျအခိုးပွင့်ငန်းဆေး | ပျားအုံဆေးတိုက်၊ စမ်းချောင်း |
| ၃ | ဝက်ဝံအမှတ်တံဆိပ် ဝမ်းရောဂါဆေးမှုန့် | ဝက်ဝံတံဆိပ်စွမ်ကျူးဆေးတိုက်၊ ရန်ကုန်မြို့ |
| ၄ | မြကုဋေကျော်အမှတ်တံဆိပ် ဆင်တုံးမနွယ် အစာကြေလေနိုင်ဆေး | မော်လမြိုင်မြို့ |
| ၅ | ဆင်တုံးမနွယ်အမှတ်တံဆိပ် အစာကြေလေနိုင်ဆေး | မော်လမြိုင်မြို့ |
| ၆ | စိတ္တလတောင် အမှတ်တံဆိပ် အဆင့်မြင့် ဆင်တုံးမနွယ် အစာကြေလေနိုင်ဆေး | မော်လမြိုင်မြို့ |
| ၇ | တံခွန်အမှတ်တံဆိပ် ဆင်တုံးမနွယ် ရောက်သီးဆေးတောင့် | လိပ်စာဖော်ပြထားခြင်းမရှိပါ။ |
| ၈ | အောင်သပြေ အမှတ်တံဆိပ် ဆင်တုံးမနွယ် အစာကြေလေနိုင်ဆေး | မော်လမြိုင် |
| ၉ | အောင်လံတော် အမှတ်တံဆိပ် ဆင်တုံးမနွယ် အစာကြေလေနိုင်ဆေး | ကျိုက်မရောမြို့ |
| ၁၀ | ကျေးဇူးရှင်အမှတ်တံဆိပ် ပန်းနာရင်ကျပ်ပျောက်ဆေး | လိပ်စာဖော်ပြထားခြင်းမရှိပါ။ |
| ၁၁ | ငုဝါ အမှတ်တံဆိပ် ဆင်တုံးမနွယ် ခံတွင်းရှင်း အစာကြေလေနိုင်ဆေး | မုဒုံမြို့ |

၂။ အများပြည်သူများသည် ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာ ဦးစီးဌာနတွင် မှတ်ပုံတင်ထားခြင်းမရှိသော ဆေးဝါးများကို ဝယ်ယူသုံးစွဲခြင်းမပြုကြရန်နှင့် တိုင်းရင်းဆေးပညာဦးစီးဌာနတွင် မှတ်ပုံတင်ထားသော ဆေးဝါးများကိုသာ စူးစမ်းဝယ်ယူသုံးစွဲပါရန် နှိုးဆော်အပ်ပါသည်။

၃။ ဆေးဝါး ဖြန့်ဖြူးသည့်လုပ်ငန်းများ၊ ဆေးဝါးရောင်းချသည့် ဆေးဆိုင်များသည် တိုင်းရင်းဆေးပညာ ဦးစီးဌာနတွင် မှတ်ပုံတင်ထားခြင်းမရှိသော ဆေးဝါးများ၊ ဆေးဝါးအတု၊ စံမညီဆေးဝါးများ တင်သွင်းဖြန့်ဖြူးရောင်းချခြင်းလုံးဝမပြုလုပ်ရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းက တည်ဆဲဥပဒေအရ အရေးယူမည်ဖြစ်ကြောင်း သတိပေးအပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

# မဲ့ရှင်ဆရာတော် ဘဒ္ဒန္တခေမာစာရ၏ သက်တော်( ၆၈ )နှစ်ပြည့် ဝိဇာတမင်္ဂလာပွဲကျင်းပ

**ရန်ကုန် ဇူလိုင် ၁၈**

ပဲခူးတိုင်း(အနောက်ပိုင်း) ရွှေတောင်မြို့နယ် မယားမန်ကျေးရွာအုပ်စု သမိုင်းဝင် ရွှေနတ်တောင်စေတီတော်မြတ်ကြီးအနီးရှိ ငါးဆူတောင်ဓမ္မရိပ်သာကျောင်းတိုက်ကြီး၏ ဦးစီးပဓာန နာယက ဆရာတော် နယ်လှည့်သာသနာပြု မဲ့ရှင်ဆရာတော် ဘဒ္ဒန္တခေမာစာရ၏ (၆၈)နှစ်ပြည့်မွေးနေ့ ဝိဇာတအလှူတော်မင်္ဂလာအခမ်းအနားကို သြဂုတ် ၈ရက် (ဝါခေါင်လပြည့်နေ့) နံနက် ၉နာရီတွင် မဟာမုနိရုပ်ပွားတော်မြတ်၊ ဂန္ဓကုဋိတိုက်ပရိဝုဏ်၌ ကျင်းပမည်ဖြစ်ရာ သံဃာတော်များအား သက်သတ်လွတ် အရဏ်ဆွမ်းနှင့်နေ့ဆွမ်းတို့ကို ဆက်ကပ်လှူဒါန်းမည်ဖြစ်၍ ရပ်ဝေး၊ ရပ်နီးရှိ တပည့်ဒါယကာ၊ ဒါယိကာမများ တက်ရောက် ကြည်ညိုနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ မိုးရာသီစပေါင်းသစ်ပင်စိုက်ပျိုးပွဲကျင်းပ

**နေပြည်တော် ဇူလိုင် ၁၈**

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့၏ မိုးရာသီစပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၁၅ရက်နံနက် ၉နာရီက နေပြည်တော်ရှိ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ရုံး အမှတ်(၁၇)၌ ကျင်းပသည်။

**စပေါင်းစိုက်ပျိုး**

စပေါင်းသစ်ပင်စိုက်ပျိုးပွဲတွင် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာသန်းညွန့်၊ အဖွဲ့ဝင်များဖြစ်ကြသော ဦးအောင်မြင့်၊ ဦးလှမြင့်ဦး၊ ဦးဝင်းအောင်၊ ဦးစိုးဦး၊ ဦးညီထွန်းနှင့် ဦးကျော်အောင်၊ အဖွဲ့အောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများ တက်ရောက်၍ ပျိုးပင်ပေါင်း ၂၉၅၇ ပင်ကို သတ်မှတ်နေရာများ၌ စပေါင်းစိုက်ပျိုးပေးကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ခြံစည်းရိုးကြက်ဆူပင် စုပေါင်းစိုက်ပျိုးပွဲကျောက်ပန်းတောင်း၌ကျင်းပ တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော် တက်ရောက်ပါဝင်စိုက်ပျိုးပေး

**နေပြည်တော် ဇူလိုင် ၁၈**

မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်သည် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် ဇူလိုင် ၁၂ရက် နံနက် ၁၁နာရီခွဲက ကျောက်ပန်းတောင်း မြို့နယ် လက်ပန်ပျားကျေးရွာ၌ ရေထွက်ကလေးဆည်ရေသောက်စနစ်ဖြင့် စိုက်ပျိုးထားရှိသည့် မနောသုခမိုးစပါးဧက ၄၀ စိုက်ခင်းသို့ရောက်ရှိကာ ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများအား လိုအပ်သည်များမှာကြားသည်။

**ကြက်ဆူပင်စုပေါင်းစိုက်ပျိုး**

ထိုမှတစ်ဆင့် တိုင်းမှူးသည် ကျောက်ပန်းတောင်းမြို့နယ် မိတ္ထီလာ–ကျောက်ပန်းတောင်းလမ်း မိုင်တိုင် အမှတ်(၅၁)၌ ကျင်းပသည့် ကျောက်ပန်းတောင်းမြို့နယ် ခြံစည်းရိုးကြက်ဆူပင် စုပေါင်းစိုက်ပျိုးပွဲသို့ တက်ရောက်၍ တိုင်းမှူးနှင့်ဇနီးတို့က ခြံစည်းရိုးကြက်ဆူပင်ပျိုးပင်များကို ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များသို့ ပေးအပ်သည်။ **(ယာပုံ)**

ထို့နောက် တိုင်းမှူးနှင့်တက်ရောက်လာကြသူများက သတ်မှတ်နေရာများတွင် ခြံစည်းရိုးကြက်ဆူပင်ကို စိုက်ပျိုးပေးကြသည်။ **(သတင်းစဉ်)**





**ဇူလိုင် ၂ရက်က မင်္ဂလာဈေးမိသားစု (၆)ကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲကို ဗဟန်းကြားတောရလမ်းရှိ မင်္ဂလာဈေးဓမ္မာရုံ၌ကျင်းပရာ ဈေးဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့်အဖွဲ့က ရန်ကုန်တိုင်း သံဃနာယကအဖွဲ့ အကျိုးတော်ဆောင်ဆရာတော် ဘဒ္ဒန္တဝိလာသထံ သင်္ကန်းများ ဆက်ကပ်လှူဒါန်းစဉ်။** (က–ပ)

## ဓနုတိုင်းရင်းသားမိသားစုများ ဆဋ္ဌမအကြိမ်ဝါဆိုသင်္ကန်းကပ်လှူမည်

**ရန်ကုန် ဇူလိုင် ၁၈**

ရန်ကုန်မြို့တွင် ဝါကပ်တော်မူကြသော ဓနုတိုင်းရင်းသားသံဃာတော်အရှင်မြတ်အပါး ၁၆၀ကျော်တို့အား ဇူလိုင်၂၃ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီမှ မွန်းတည့် ၁၂နာရီအထိ ဗဟန်းမြို့နယ် မြို့မရပ်ကွက် ကြားတောရလမ်းနှင့်ရေတာရှည်လမ်းထောင့်ရှိ ဓနုတိုင်းရင်းသားဓမ္မာရုံတွင် စုပေါင်းဝါဆိုသင်္ကန်းကပ်လှူပြီး နေ့ဆွမ်းဆက်ကပ်မည်ဖြစ်ပါ၍ အသင်းသူအသင်းသားများနှင့် မိသားစုဝင်များ သိုက်သိုက်ဝန်းဝန်းကြွရောက် ကြည်ညိုသဒ္ဓါတရားပွားများရန် ဖိတ်ကြားထားကြောင်း သိရသည်။ **(က–ပ)**

## ကျိုင်းတုံ သူနာပြုနှင့် သားဖွားသင်တန်းကျောင်း ငွေပဒေသာပင်စိုက်ထူလှူဒါန်းပွဲကျင်းပ

နေပြည်တော် ဇူလိုင် ၁၈

**ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့ သူနာပြုနှင့်သားဖွားသင်တန်းကျောင်း ငွေပဒေသာပင်စိုက်ထူပေးအပ်လှူဒါန်းပွဲကို ဇူလိုင် ၁၂ရက် နံနက် ၉နာရီက အဆိုပါသင်တန်းကျောင်းခန်းမ၌ ကျင်းပသည်။**

အစီအစဉ်အရ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အရှေ့ပိုင်း)ဥက္ကဋ္ဌ တြိဂံဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်က အမှာစကားပြောကြားပြီး အလှူရှင်များက သင်တန်းကျောင်း ငွေပဒေသာပင်အတွက် အလှူငွေများ ပေးအပ်လှူဒါန်းကြရာ တြိဂံဒေသ တိုင်းစစ်ဌာနချုပ်က ငွေကျပ် ၁၀ သိန်း၊ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အရှေ့ပိုင်း)က ငွေကျပ် ၁၀သိန်း၊ ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့က ငွေကျပ်နှစ်သိန်းတို့ကို တာဝန်ရှိသူများက အသီးသီးပေးအပ်လှူဒါန်းကြရာ တိုင်းမှူးဗိုလ်ချုပ်မင်းအောင်လှိုင်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ တာချီလိတ်မြို့ နဂါးနှစ်ကောင်ကျောင်းတိုက် ဆရာတော်နှင့် ဂေါပကအဖွဲ့များက ငွေကျပ်ငါးသိန်း၊ ဦးနော်အောင် မိသားစု၊ World Vision အဖွဲ့တို့က ငွေကျပ်ငါးသိန်းစီ၊ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ လှူဒါန်းငွေကျပ် တစ်သိန်း အပါအဝင် အလှူရှင်များက စုစုပေါင်း ငွေကျပ် ၄၅၃၅၀၀၀ကို အသီးသီးပေးအပ် လှူဒါန်းကြရာ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေနှင့်တာဝန်ရှိသူများက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

**ဝါဆိုသင်္ကန်းဆက်ကပ်**

ယင်းနောက် တိုင်းမှူးသည် ကျိုင်းတုံမြို့ သာသနာ့ဗိမာန်တော်ကြီး၌ ကျင်းပသည့် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ ပြည်နယ်၊ခရိုင်၊မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် ကျိုင်းတုံမြို့ ရပ်ကွက်အသီးသီး၏ စုပေါင်းဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲသို့ တက်ရောက်ကြည်ညိုသည်။

**ဆောက်တည်**

ရှေးဦးစွာ တိုင်းမှူးနှင့် ဧည့်ပရိသတ်များက အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ ဖွင့်လှစ်ပြီး ကျိုင်းယင်းကျောင်းတိုက် ဆရာတော်အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇဘဒ္ဒန္တ ခေမာစာရထံမှ ငါးပါးသီလခံယူ ဆောက်တည်ကြသည်။

**ရေစက်သွန်းချအမျှဝေ**

ဆက်လက်၍ တိုင်းမှူးနှင့် ဇနီး၊ တာဝန်ရှိသူများက ဆရာတော်၊ သံဃာတော်များအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး ပြည်နယ်သံဃနာယကအဖွဲ့ဝင် ကျိုင်းတုံမြို့ ဓမ္မောဒယပရိယတ္တိစာသင်တိုက်ပဓာန နာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တအာဇေယျထံမှ အနုမောဒနာတရား နာယူကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။ **(သတင်းစဉ်)**



## မူးယစ်ကင်းစင်အလှဆင်

**တာမွေမြို့နယ် ကျောင်းကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း အစီအစဉ်အရ အမက (၂) တာမွေတွင် မြို့နယ် ကျောင်းကျန်းမာရေးဆရာဝန် ဒေါက်တာ ဒေါ်ဖြူဖြူစိုး၊ သွားဘက်ဆိုင်ရာ ဆရာဝန် ဒေါက်တာဦးသိန်းငွေတို့၏ကြီးကြပ်မှုဖြင့် သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်မှ ဌာနမှူးနှင့် ဆရာဝန်များက ကျောင်းသား ကျောင်းသူတို့၏သွားနှင့် ခံတွင်းရောဂါများကို ဇွန်၂၃ ရက်က ကြည့်ရှုစစ်ဆေး ကုသပေးစဉ်။** (က–ပ)

## လားရှိုး ဆင်းရွှေလီအထူးအထွက်တိုးစပါး မျိုးစေ့ချပျိုးထောင်နေမှု တိုင်းမှူး ဗိုလ်မှူးချုပ် အောင်သန်းထွဋ် လှည့်လည်ကြည့်ရှုအားပေး

နေပြည်တော် ဇူလိုင် ၁၈

**ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း) ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် အောင်သန်းထွဋ်သည် တာဝန်ရှိသူများလိုက်ပါလျက် ဇူလိုင် ၁၂ ရက် နံနက် ၁၀ နာရီခွဲက လားရှိုးမြို့ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် ဆင်းရွှေလီအထူးအထွက်တိုးစပါး သုတေသနစိုက်ကွင်းတွင် ကျင်းပသည့် ပျိုးကြဲပွဲ အခမ်းအနားသို့ တက်ရောက်အားပေးပြီး စပါးမျိုးစေ့များကို မျိုးစေ့ချပျိုးထောင်စိုက်ပျိုးပေးကာ တက်ရောက်လာကြသူများ၏ တပျော်တပါးမျိုးစေ့ချပျိုးထောင်စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။**

**ရှင်းလင်းတင်ပြ**

ထိုမှတစ်ဆင့် တိုင်းမှူးသည် နမ္မတူမြို့နယ် နမ္မတူ–ဘော်တွင်းသို့ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဝေပေးနေသော မန်ဆန်ရေအားလျှပ်စစ်စက်ရုံသို့ ရောက်ရှိရာ တိုင်းမှူးအား တာဝန်ခံအင်ဂျင်နီယာ ဦးမြင့်အောင်က ရေအားလျှပ်စစ်စက်ရုံဆိုင်ရာ အချက်အလက်များနှင့်လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် တိုင်းမှူးသည် စက်ရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ထိုမှတစ်ဆင့် တိုင်းမှူးသည် လားရှိုးမြို့နယ် နမ့်မျှော် ရေအားလျှပ်စစ်စက်ရုံသို့ ရောက်ရှိကာကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအားလုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

ယင်းနောက် တိုင်းမှူးသည် ကျောက်မဲခရိုင် နမ္မတူ မြို့နယ် ကုန်းသျောင် ရေအားလျှပ်စစ်စက်ရုံသို့လည်းကောင်း၊ လားရှိုးမြို့နယ် မန်ဆန်ကျေးရွာအနီး မန်ဆန်ရေကျကြိုး တံတားသို့လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် တိုင်းမှူးသည် မန္တလေး–လားရှိုးလမ်း၊ လားရှိုးမြို့အဝင် အေရှားဝေါလ်ကုမ္ပဏီလီမိတက်မှ တာဝန်ယူဆောင်ရွက်လျက်ရှိသော ကတ္တရာလမ်း တိုးချဲ့ခြင်း လုပ်ငန်းခွင်သို့ ရောက်ရှိရာ တိုင်းမှူး အား လုပ်ငန်းတာဝန်ခံ ဦးတင်ကိုကိုက ယခင် အကျယ် ၂၂ ပေမှ ၄၄ ပေ အကျယ်အထိ ကတ္တရာလမ်းတိုးချဲ့လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ရုပ်ပုံကားချပ်ဖြင့် ရှင်းလင်းတင်ပြသည်။

**စံချိန်စံညွှန်း**

ယင်းနောက် တိုင်းမှူးက လမ်းအား သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ ပြီးစီးအောင်ဆောင်ရွက်ရေး ဆွေးနွေးမှာကြားပြီး လုပ်ငန်းခွင်အတွင်း စက်ယန္တရားကြီးများဖြင့် ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကိုလှည့်လည် ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။**(သတင်းစဉ်)**



## အသိပေးကြေညာချက်

**၁၉–၇–၂၀၀၆ရက်တွင် (၅၉)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကို အာဇာနည်ဗိမာန်တွင် ကျင်းပစဉ်ကာလအတွင်း ၎င်းနေ့(၀၆း၀၀)နာရီမှ (၁၈း၀၀)နာရီအထိ ဦးဝိစာရအဝိုင်းမှ ဦးဝိစာရလမ်းတစ်လျှောက် ဓမ္မစေတီလမ်းအထိ၊ ဦးဝိစာရအဝိုင်းမှ ဦးထောင်ဘိုလမ်းတစ်လျှောက် ရွှေတိဂုံဘုရား တောင်ဘက်မုခ်အထိ၊ ရွှေဂုံလမ်းမှ ရွှေဂုံတိုင်လမ်းဆုံအထိ၊ ရွှေဂုံလမ်းမှ အနောက်ရွှေဂုံတိုင်လမ်းအတိုင်း ဦးဝိစာရလမ်းအထိ၊ အာဇာနည်လမ်းတစ်လျှောက်ဦးထောင်ဘိုလမ်းအထိ ခေတ္တပိတ်ထားမည်ဖြစ်ပါ၍ ခရီးသွားပြည်သူများအနေဖြင့် ဖော်ပြပါအချိန်အတွင်း မော်တော်ယာဉ်များကို အခြားလမ်းကြောင်းမှ ရှောင်ကွင်းမောင်းနှင်နိုင်ပါရန် အသိပေးကြေညာအပ်ပါသည်။**

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ။

**ရန်ကင်းမြို့နယ် မိုးကောင်းဆုတောင်းပြည့်စေတီတော် ရင်ပြင်ကြွေပြားခင်းရန်အတွက် ရန်ကင်းမြို့နယ်(၁၃)ရပ်ကွက် သစ္စာလမ်းသွယ် အမှတ် ၂၁၁(ဘီ) နေ ဦးဝေလင်းဇော်–ဒေါ်ခင်ခင်အေး၊ သမီး ဟေဇယ်ညိမ်းသက်ဇော်၊ သား ဟိန်းခန့်ဇော် မိသားစုက အလှူတော်ငွေ ကျပ် ၁၅၀၀၀၀ကို ဂေါပကအဖွဲ့ ဥက္ကဋ္ဌ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ ဦးကျော်မင်းနှင့် ဒုတိယဥက္ကဋ္ဌ ဦးကိုကိုကြီးတို့ထံ ပေးအပ်လှူဒါန်းစဉ်။** (က–ပ)





# အသင်းဝင်များ အရည်အချင်းမြင့်မားစေရေး စဉ်ဆက်မပြတ် လေ့ကျင့်ပျိုးထောင်ပေးနေ အခြေခံသတင်းစာပညာသင်တန်းသည်လည်း လေ့ကျင့်ပျိုးထောင်မှုတစ်ခုဖြစ် နိုင်ငံတော်က အားထားရသည့်ဆက်သွယ်ရေးမှူးနှင့် ပြန်ကြားရေးမှူးကောင်းများဖြစ်ရန်ကြိုးစား

ရန်ကုန် ဇူလိုင် ၁၈

**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးဖွင့်လှစ်သော အခြေခံသတင်းစာပညာသင်တန်း အမှတ်စဉ်(၆)ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက်၇နာရီခွဲက ရန်ကုန်မြို့ ဗဟန်းမြို့နယ် တက္ကသိုလ်ရိပ်သာလမ်းသစ်ရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဌာနချုပ်ခန်းမ၌ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးတင်ထွတ် တက်ရောက်၍ အမှာစကား ပြောကြားသည်။**(အပေါ်ပုံ)

## တက်ရောက်

အခမ်းအနားသို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ဦးမောင်ပါ၊ ဌာနချုပ်မှတာဝန်ရှိသူများ၊သင်တန်းနည်းပြများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးတင်ထွတ်က အမှာစကားပြောကြားရာတွင် အေးချမ်းသာယာပြီး ခေတ်မီ ဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ နိုင်ငံတော်ကြီးပေါ်ထွန်းလာရေးသည် နိုင်ငံသားအားလုံး၏ အမျိုးသားရေး ရည်မှန်းချက် ပန်းတိုင်ဖြစ်ကြောင်း၊ ဒို့တာဝန် အရေး (၃) ပါးကိုခံယူ၊ ဦးတည်ချက် (၁၂)ရပ် အတိုင်း အစိုးရ၊ ပြည်သူ၊ တပ်မတော် လက်တွဲပြီး အမျိုးသားရေး ရည်မှန်းချက်ပန်းတိုင်ကို အကောင်အထည်ဖော် ဆောင်ရွက်နေကြောင်း။

## ခိုင်ခိုင်မာမာဖွဲ့စည်းရပ်တည်

အသင်းဝင်များသည် ပြည်သူများအတွင်းက ပြည်သူများဖြစ်ပြီး နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုးကို ဆောင်ရွက်ရန် ခိုင်မာသည့် ယုံကြည်ချက်၊ ခံယူချက်များဖြင့် ဆန္ဒအလျောက် ဝင်ရောက်လာသူများဖြစ်ကြောင်း၊ နိုင်ငံတော်၏ ဦးဆောင်မှုအောက်တွင် နယ်မြေဒေသအသီးသီးက တိုင်းရင်းသားလူမျိုးစုံ၊လူတန်းစားစုံ၊ အလွှာစုံ ပါဝင်သည့် အမျိုးသားရေး အင်အားစုကြီးအဖြစ် ခိုင်ခိုင်မာမာ ဖွဲ့စည်းရပ်တည်ပြီး ပြည်သူများ၏ ပူးပေါင်းဆောင်ရွက်မှုအားဖြင့် အမျိုးသားရေးပန်းတိုင်ကို အကောင်အထည်ဖော် ဆောင်ရွက်နေကြောင်း။

## အောင်မြင်ဖြစ်ထွန်းမှုများရရှိ

တည်ငြိမ်ရေးနှင့်ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပြည်သူအကျိုး၊ နိုင်ငံ့အကျိုးကို ဦးစားပေးသည့် အသင်းကြီး၏မှန်မြတ် မှန်ကန်သည့် ရည်ရွယ်ချက်များ၊ အခြေခံမူများအပေါ် ရပ်တည်ပြီး နယ်မြေလူထုဘဝ၊ ဆန္ဒနှင့် လက်ရှိ ဖြစ်ပေါ်နေသည့် ပကတိ အခြေအနေကို အလေးထားပြီး ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ်များအတိုင်း ကိုယ်တိုင်လည်း အကောင်အထည် ဖော်ဆောင်ရွက်မှု၊ ဌာနဆိုင်ရာများ၊ ကော်မတီများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်မှု စသည့် လက်တွေ့အကျိုးပြုလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်နေကြောင်း၊ လက်တွေ့ကျသည့် ပြည်သူကို အကျိုးပြုသည့် လုပ်ငန်းများကြောင့် အသင်းကြီး၏ ရည်ရွယ်ချက်၊ အခြေခံမူ၊ လုပ်ငန်းစဉ်များသည် ပြည်သူများအတွင်း စိမ့်ဝင် ပျံ့နှံ့ပြီး နားလည်လက်ခံ ပူးပေါင်းပါ ဝင်လာမှုများကြောင့် အသင်းဝင် အင်အား၂၃ဒသမ ၁သန်းကျော် အထိ တိုးတက်များပြားလာကြောင်း၊ အမျိုးသားရေး အင်အားစုကြီး တောင့် တင်းခိုင်မာစွာဖြင့် တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန် အောင်မြင်ဖြစ်ထွန်းမှုများ ပိုမိုရရှိနေပြီ ဖြစ်ကြောင်း။

## ပံ့ဖော်လမ်းခင်းပေးနေ

အသင်းကြီး စတင်ဖွဲ့စည်းစဉ်ကစပြီး အေးချမ်းတည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို ဆောင်ရွက်ရင်း ကျစ်လျစ်ခိုင်မာသည့် စည်းရုံး၊ ဖွဲ့စည်းစီမံမှုများနှင့် အသင်းဝင်များ အရည်အချင်း တိုးတက်မြင့်မားလာစေရေးအတွက် စဉ်ဆက်မပြတ် လေ့ကျင့်ပျိုးထောင်ပေးနေကြောင်း၊ လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် အနာဂတ် နိုင်ငံတော်အတွက် ပံ့ဖော်လမ်းခင်းပေးနေခြင်းဖြစ်ကြောင်း။

## ကြိုးစားလေ့လာဆည်းပူး

အခြေခံ သတင်းစာပညာသင်တန်းသည်လည်း လေ့ကျင့်ပျိုးထောင်မှုထဲက တစ်ခုဖြစ်ကြောင်း၊ ဤသင်တန်းတွင် အမျိုးသားနိုင်ငံရေး၊ ယုံကြည်ချက်၊ ခံယူချက် ခိုင်မာရေး၊ သတင်းရယူ၊ တည်ဆောက်၊ တည်းဖြတ်၊ ရေးသား၊ ဖြန့်ချိစသည့် သတင်းဆိုင်ရာ နည်းပညာများ၊ သတင်းသမား၊ မီဒီယာသမားများ လိုက်နာစောင့်ထိန်းရမည့် အချက်များနှင့် ပြည်သူများ၊ အသင်းဝင်များ အမှားအမှန် ဝေဖန်ပိုင်းခြားပြီး မှန်သတင်းများကို အမှန်တိုင်းသိအောင် ဆောင်ရွက်တတ်ရေး၊ နိုင်ငံတော်နှင့် ပြည်သူအပေါ် အကျိုးပြုသည့် ဆောင်ရွက်မှုများကို ပင်ကိုအသိဖြင့် ပါဝင်ဆောင်ရွက်လာရန် စသည့်ပြန်ကြားပညာပေးရေးဆိုင်ရာ ဘာသာရပ်များနှင့် မီဒီယာဆိုင်ရာ ဘာသာရပ်များကို အတွေ့အကြုံရှိသည့် နည်းပြဆရာကြီးများက ရှုထောင့်စုံက ဆွေးနွေးပို့ချမှာဖြစ်ကြောင်း၊ သတင်းဆက်သွယ်ရေးဆိုင်ရာ၊ ပြန်ကြားရေးဆိုင်ရာ ကဏ္ဍများတွင် နိုင်ငံတော်နှင့် အသင်းကြီးက အားထားရသည့် ဆက်သွယ်ရေးမှူးကောင်း၊ ပြန်ကြားရေးမှူးကောင်းများဖြစ်အောင် တာဝန်၏ အရေးပါမှုကို ခံစားအသိနှင့်နားလည်ပြီး ဆွေးနွေးပို့ချမှုများကို ကြိုးစားလေ့လာဆည်းပူးကြရန်လိုကြောင်း။

## အခြေခံကောင်းများရရှိနေ

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော် ထူထောင်ရာတွင် နိုင်ငံတော် တည်ငြိမ်ရေး၊ နိုင်ငံတော်နှင့် နိုင်ငံသားများ၏ လူမှုစီးပွားရေးဘဝ မြင့်မားတိုးတက်ရေး၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးတို့သည် အခြေခံလိုအပ်ချက်များဖြစ်ကြောင်း၊ နိုင်ငံရေးစွမ်းအား၊ စီးပွားရေးစွမ်းအား၊ လူမှုရေးစွမ်းအား၊ ကာကွယ်ရေးစွမ်းအား စသည့် ပြည်တွင်း အမျိုးသားရေး စွမ်းအားများဖြင့် ဆောင်ရွက်နေ၍ အောင်မြင်ဖြစ်ထွန်းမှု အခြေခံကောင်းများ ရရှိနေပြီဖြစ်ကြောင်း။

နိုင်ငံတော်အတွင်း အကြားအလပ်မရှိ ကွက်လပ်မကျန် ဖွံ့ဖြိုးတိုးတက်ရေး၊ မြို့ပြနှင့် ကျေးလက်ကွာဟမှု မရှိစေရေးအတွက်လည်း နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်(၅)ရပ်ကို ချမှတ်ဆောင်ရွက်နေကြောင်း၊ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေး၊ ရေရရှိရေး၊ ပညာရည်အဆင့်အတန်းမြင့်မားရေး၊ ကျန်းမာရေးအဆင့် မြင့်တင်ရေး၊ စီးပွားရေးဘဝတိုးတက်စေရေးနှင့်အတူ ကျေးလက်မီးလင်းရေး၊ ကျေးလက် စာကြည့်တိုက် ဖွင့်လှစ်ရေးနှင့် လောင်စာအစားထိုး ကြက်ဆူပင် စိုက်ပျိုးရေးကို ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပြည်သူများ၊ ပြည်တွင်း အမျိုးသားစွမ်းအားများဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့၍ ဖွံ့ဖြိုးတိုးတက်မှုများ ရရှိနေပြီဖြစ်ကြောင်း။

## အင်တိုက်အားတိုက်ဆောင်ရွက်

နိုင်ငံတော် တည်ငြိမ်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေး အခြေခံကောင်းများ ရရှိနေပြီဖြစ်၍ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေးအတွက် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇) ရပ် ချမှတ်ဆောင်ရွက်နေကြောင်း၊ ပထမအဆင့် အမျိုးသားညီလာခံကြီး ကျင်းပပြီး ဖွဲ့စည်းပုံအခြေခံဥပဒေ မူကြမ်းရေးဆွဲရေး ဆောင်ရွက်နေကြောင်း၊ ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးသည် နိုင်ငံသားများ၏ အမျိုးသားရေးတာဝန်ဖြစ်ကြောင်း၊ အသင်းကြီးအနေနှင့် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် ပြည်ထောင်စု မျိုးချစ်စိတ်ဓာတ် အပြည့်အဝဖြင့် ကျရာအခန်းကဏ္ဍက တက်တက်ကြွကြွ အင်တိုက်အားတိုက် ပူးပေါင်းပါဝင်ဆောင်ရွက်သွားမှာဖြစ်ကြောင်း။

နိုင်ငံတော်သည် ရှေးနှစ်ပေါင်းထောင်ချီပြီး တိုင်းရင်းသားလူမျိုးစုံ ညီစွာ ချစ်ချစ်ခင်ခင် စည်းစည်းလုံးလုံး အခြေကျနေထိုင်ခဲ့သည့် နိုင်ငံဖြစ်ကြောင်း၊ နိုင်ငံတော်၏သမိုင်းကြောင်းမှာ တိုင်းရင်းသားလူမျိုးအချင်းချင်း ဥမကွဲသိုက်မပျက် အပြန်အလှန် စာနာနားလည်မှု၊ တွယ်တာမှုတို့ဖြင့် ချစ်ကြည်စွာ နေထိုင်ခဲ့ကြကြောင်း၊ ပြည်ထောင်စုစိတ်ဓာတ်အရင်းခံ ရှင်သန်မှုများရှိကြပါကြောင်း၊ စစ်မှန်သော မျိုးချစ်စိတ်ဓာတ်သည် ဒို့တာဝန် အရေးသုံးပါး၏ အခြေခံဖြစ်ကြောင်း၊ စစ်မှန်သော ပြည်ထောင်စု မျိုးချစ်စိတ်ဓာတ်ရှိသူကသာ ဒို့တာဝန် အရေးသုံးပါးကို ကာကွယ်ဖော်ဆောင်နိုင်မှာဖြစ်ကြောင်း၊ တိုင်းရင်းသားပြည်သူများကြား စစ်မှန်သော ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ် အစဉ်ရှင်သန်ရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားရမှာဖြစ်ကြောင်း။

စစ်မှန်သည့် ပြည်ထောင်စု မျိုးချစ်စိတ်ဓာတ် အခြေခံပြီး စည်းလုံးညီညွတ်ရေးကို ဦးစားပေးတည်ဆောက်ခဲ့၍ အေးချမ်းတည်ငြိမ်မှုများ ရှိနေပြီး ဖွံ့ဖြိုးတိုးတက်ရေးကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်နေကြောင်း၊ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင် အခြေခံလိုအပ်ချက်များဖြစ်သည့် ရေ၊ မြေ၊ သယံဇာတ၊ ရာသီဥတု၊ လုပ်အားနှင့် အသိပညာ၊ အတတ်ပညာစွမ်းအားစသည့် အချက်များ နိုင်ငံတော်တွင်ပြည့်စုံကြောင်း၊ ရေ၊ မြေ၊ ရာသီဥတု အခြေအနေကောင်း၊ လုပ်အားပြည့်စုံမှု အခြေအနေကောင်းကို အသိပညာ၊ အတတ်ပညာစွမ်းရည်များဖြင့် ပေါင်းစပ်ဆောင်ရွက်နိုင်၍ ဖွံ့ဖြိုးတိုးတက်မှုများလည်း ရရှိနေကြောင်း။

နိုင်ငံတော်အတွင်း အစိုးရ၊ ပြည်သူ၊ တပ်မတော် ပူးပေါင်းဆောင်ရွက်နေတာတွေ၊ ဘက်စုံကဏ္ဍစုံ၊ နယ်ပယ်စုံမှာ အောင်မြင်တိုးတက်မှုများ ရရှိနေတာတွေကို သိလျက်၊ မြင်လျက် ပြည်တွင်းပြည်ပအဆိုးမြင် အဖျက်သမားအချို့၊ အဖွဲ့အစည်းတချို့က မမြင်ယောင်ဆောင် မျက်ကွယ်ပြုပြီး ပူးပေါင်းပါဝင် ဆောင်ရွက်မှုလည်းမရှိ၊ အဖျက်အမှောင့်လုပ်ရပ်များသာဆောင်ရွက်နေသည်ကို တွေ့နေရကြောင်း၊ ပူးပေါင်းပါဝင် ဆောင်ရွက်မှုမရှိ ဖျက်ဆီးနှောင့်ယှက်နေသည့်လုပ်ရပ်၊ အမျိုးသားစည်းလုံး ညီညွတ်ရေးကို သပ်လျှိုဖြိုခွဲသည့် လုပ်ရပ်များနှင့် ပြည်ပနိုင်ငံအချို့၊ အဖွဲ့အစည်းတချို့ကို နိုင်ငံရေး၊ စီးပွားရေး အကျပ်ကိုင်ရန်၊ ကုန်သွယ်ရေး ပိတ်ဆို့ရန်၊ မကူညီရန် တောင်းဆိုသည့် လုပ်ရပ်များသည် ပြည်တွင်းရေးကို စွက်ဖက်သည့် လုပ်ရပ်များပင် ဖြစ်ကြောင်း၊ အေးချမ်းတည်ငြိမ်မှု၊ ဖွံ့ဖြိုးတိုးတက်မှုနှင့် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒများကို ဟန့်တားမှု၊ ဖျက်ဆီးနိုင်မှု မပြုနိုင်ပေမယ့် နှောင့်နှေးကြန့်ကြာစေနိုင်တယ်ဆိုသည့် အခြေအနေကို နားလည်ပြီး အသင်းဝင်များနှင့် ပြည်သူများ ရှင်းရှင်းလင်းလင်း ကွဲကွဲပြားပြား သိမြင်နားလည်အောင်လည်း ရှင်းလင်းပြောပြရမှာဖြစ်ကြောင်း၊ ဒို့တာဝန်အရေးသုံးပါ ထိပါးနှောင့်ယှက်မှုများကိုလည်း ဂရုပြု ကာကွယ်တားဆီးသွားရမှာဖြစ်ကြောင်း။

နိဂုံးချုပ်အနေဖြင့် မှာကြားလိုသည်မှာ–

**– သတင်းဆက်သွယ်ရေး နည်းပညာနှင့် မီဒီယာ၏ အရေးပါမှုကို နားလည်ပြီး သင်တန်းက ဆွေးနွေး ပို့ချမှုများကို ဘဝအတွေ့အကြုံနှင့်ယှဉ်ပြီး ကာလသုံးပါးဆက်စပ်ဆည်းပူးလေ့လာကြပါ။**

**– တိုင်းရင်းသား ပြည်သူများကြား ဒို့တာဝန် အရေးသုံးပါးကို ခံယူလိုစိတ်နှင့် ပြည်ထောင်စု မျိုးချစ်စိတ်ဓာတ် ရှင်သန်ထွန်းကားနေအောင် ကြိုးပမ်းဆောင်ရွက်ကြပါ။**

**– ဒို့တာဝန်အရေးသုံးပါးကိုခံယူ၊ ဦးတည်ချက် (၁၂)ရပ်အတိုင်း နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်၊ ကျေးလက်ဖွံ့ဖြိုးရေး လုပ်ငန်းစဉ်(၅)ရပ်နှင့် အသင်းရှေ့လုပ်ငန်းစဉ်(၉)ရပ် အောင်မြင်ရေးကို အမျိုးသားရေးတာဝန်အဖြစ် ကြိုးပမ်းဆောင်ရွက်ကြပါ**

ဟု တိုက်တွန်းကြောင်းဖြင့် ပြောကြားသွားသည်။

အဆိုပါသင်တန်းသို့ ပြည်နယ်နှင့်တိုင်းများမှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် သင်တန်းသား ၅၁ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တပတ်၁၀ပတ် ကြာမြင့်မည်ဖြစ်သည်။ **(သတင်းစဉ်)**

# ရန်ကုန်တက္ကသိုလ် သတ္တဗေဒ ကျောင်းသား ကျောင်းသူဟောင်းများ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းမည်

**ရန်ကုန် ဇူလိုင် ၁၈**

ရန်ကုန်တက္ကသိုလ် သတ္တဗေဒ ကျောင်းသား ကျောင်းသူဟောင်းများ၏ တတိယအကြိမ် ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲကို ဇူလိုင် ၃၀ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီခွဲတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် အာဇာနည်လမ်း မင်္ဂလာတောင်တော်ဦးတိုက် ရွှေမန်းကျောင်း၌ ရွှေမန်းဆရာတော် ဘဒ္ဒန္တ ကုသလကို အမှူးပြု၍ သံဃာတော် ၁၀ပါးတို့အား ကပ်လှူပူဇော်မည်ဖြစ်သည်။

အဆိုပါလှူဒါန်းပွဲသို့ ကျောင်းသား ကျောင်းသူဟောင်းများ ကြွရောက် ကြပါရန်နှင့် ဝါဆိုသင်္ကန်းနှင့် ပါဝင်လှူဒါန်းလိုသော ဝတ္ထုပစ္စည်းအစုစုကို ဇူလိုင် ၂၂ရက်(စနေနေ့) မွန်းလွဲ ၁နာရီတွင်အလှူငွေပေးအပ်ပွဲကျင်းပရာ ရွှေမန်းကျောင်းတိုက်သို့ လာရောက် လှူဒါန်းနိုင်ကြသည်။

## ဆက်သွယ်လှူဒါန်းနိုင်

ထို့အပြင် ဆရာ ဦးကျော်ဘုန်းလင်း ဖုန်း–၂၀၃၃၀၃၊ ဆရာမ ဒေါ်တင်စိုး ဖုန်း–၃၈၅၄၅၈၊ ဦးထွန်းဝင်း ဖုန်း–၀၉၅၁–၂၉၀၅၂၊ ဦးမြင့်လွင်ခိုင် ဖုန်း–၀၉၅၁–၁၈၅၆၂၊ ဥက္ကဋ္ဌဦးစောဝင်း ဖုန်း–၀၉၅၁၃၉၄၀၉၊ ၃၉၄၈၂၄၊ အတွင်းရေးမှူး ဦးစတန်လီကိုကိုကြီး ဖုန်း–၅၅၉၆၀၃နှင့် ဘဏ္ဍာရေးမှူး ဦးဝင်းရှိန်၊ ဒေါ်စိုး ဖုန်း–၅၁၁၁၀၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

● *ကျောဖုံးမှ*

## တက်ရောက်

အခမ်းအနားသို့အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း၊ စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်လှထွန်း၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသော သူရဦးသောင်းလွင်နှင့် ဦးဖေသန်း၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေ၊ ရထားပို့ဆောင်ရေး ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရောင် ရထားလမ်းဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်အားပေးချီးမြှင့်ကြသည်။

## ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း၊ ဝန်ကြီးများနှင့် တာဝန်ရှိသူများသည် ဖွင့်ပွဲအခမ်းအနားကျင်းပမည့် မုခ်ဦးရှေ့၌နေရာယူကြပြီး မင်္ဂလာအချိန်တွင် ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းနှင့် ဝန်ကြီး ဦးအောင်သောင်းတို့က အခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းနှင့် ဝန်ကြီးများ၊ တက်ရောက်လာကြသူများသည် မုခ်ဦးရှေ့၌ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

အဆိုပါ သာစည်-ကွမ်းခြံရိုးမြို့ရောင်ရထားလမ်းသစ် ဖွင့်လှစ်ပေးခြင်းကြောင့် နေပြည်တော်-သာစည်-မိတ္ထီလာ-မြင်းခြံ ရထားလမ်းပိုင်းကို အချိန်တိုအတွင်း ဆက်သွယ်ခရီးသွားလာနိုင်ပြီဖြစ်သည်။



ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း၊ ဝန်ကြီးများနှင့် တက်ရောက်လာသူများ သာစည်-ကွမ်းခြံရိုး မြို့ရောင်ရထားလမ်းဖွင့်ပွဲမုခ်ဦးရှေ့၌ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)



ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းနှင့်ဝန်ကြီးများ နေပြည်တော်-သာစည်-မိတ္ထီလာ-မြင်းခြံ-နေပြည်တော်အမြန်ရထား RBE-3605 စက်ခေါင်းကို အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးကြစဉ်။ (သတင်းစဉ်)

ရေးမှူးများ၊ မြန်မာ့မီးရထားမှ ဝန်ထမ်းများ၊ ဖိတ်ကြားထားသူများ၊ ဒေသခံပြည်သူများနှင့် ခရီးသွားပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းနှင့် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများသည် အမှတ်(၂၇) အဆန် နေပြည်တော်-သာစည်-မိတ္ထီလာ-မြင်းခြံ-နေပြည်တော် အမြန်ရထားဖြင့် လိုက်ပါစီးနင်းကြမည့် ခရီးသွားပြည်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်အားပေးကြပြီး ရထားစတင်ပြေးဆွဲသည့် အထိမ်းအမှတ် လက်ဆောင်ပစ္စည်းများကို ပေးအပ်ကြသည်။

## အမွှေးနံ့သာရည်ပက်ဖျန်း

ယင်းနောက် ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း၊ ဝန်ကြီးများနှင့် အဖွဲ့ဝင်များသည် ပျဉ်းမနားဘူတာ အမှတ်(၁) စင်္ကြံရှိ နေပြည်တော်-သာစည်-မိတ္ထီလာ-မြင်းခြံ-နေပြည်တော် အမြန်ရထား RBE စက်ခေါင်းကို အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးကြသည်။

ထို့နောက် ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း၊ ဝန်ကြီးများနှင့် အဖွဲ့ဝင်များသည် နံနက် ၈ နာရီခွဲတွင် ပျဉ်းမနားဘူတာမှ စတင်ထွက်ခွာသည့် အမှတ်(၂၇)အဆန် နေပြည်တော်-သာစည်-မိတ္ထီလာ-မြင်းခြံ- နေပြည်တော် အမြန်ရထားကို လိုက်ပါစီးနင်းကြရာ မွန်းလွဲပိုင်းတွင် သာစည်ဘူတာသို့ ရောက်ရှိကြပြီး သာစည်ဘူတာ အမှတ်(၁)စင်္ကြံရှေ့မုခ်ဦး၌ ကျင်းပသည့် သာစည်-ကွမ်းခြံရိုးမြို့ရောင်ရထားလမ်းဖွင့်ပွဲသို့ ...

အဆိုပါ သာစည်-ကွမ်းခြံရိုးမြို့ရောင်ရထားလမ်းပိုင်းသည် ရထားလမ်းအရှည်(ခရီးမိုင်) ၃ ဒသမ ၂၃ မိုင်၊ ရထားလမ်းအရှည် (သံလမ်းမိုင်) ၃ ဒသမ ၅၁ မိုင်ရှိပြီး တံတားကြီး၊ တံတားငယ် ၁၃ စင်း ထည့်သွင်းတည်ဆောက်ဖောက်လုပ်ထားသည်။

## သောင်းသောင်းဖြဖြကြိုဆို

ထိုမှတစ်ဆင့် ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း၊ ဝန်ကြီးများနှင့် အဖွဲ့ဝင်များသည် အဆိုပါ အမှတ်(၂၇) အဆန် အမြန်ရထားဖြင့် ဆက်လက်ထွက်ခွာကြပြီး မိတ္ထီလာဘူတာသို့ ဆိုက်ရောက်ကြရာ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဒေသခံပြည်သူများ၊ ကျောင်းသားကျောင်းသူများ၊ ဘင်ခရာနှင့် ပန်းဖွားအကအဖွဲ့ဝင်များက သောင်းသောင်းဖြဖြ ကြိုဆိုနှုတ်ဆက်ကြသည်။

ထိုမှတစ်ဆင့် ဆက်လက်ထွက်ခွာကြရာ မြင်းခြံဘူတာသို့ ညနေ ၄ နာရီခွဲတွင် ဆိုက်ရောက်ကြပြီး ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဒေသခံပြည်သူများက လှိုက်လှဲစွာ ကြိုဆိုကြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါ အမှတ်(၂၇) အဆန် နေပြည်တော်-သာစည်-မိတ္ထီလာ-မြင်းခြံ အမြန်ရထားသည် နေပြည်တော်မှ နံနက် ၈ နာရီ ၄၅မိနစ်တွင် ထွက်ခွာ၍ မြင်းခြံဘူတာသို့ ညနေ ၄နာရီ မိနစ် ၄၀ တွင် ဆိုက်ရောက်မည်ဖြစ်ပြီး အမှတ်(၂၈)အစုန် မြင်းခြံ-မိတ္ထီလာ-သာစည်-နေပြည်တော် အမြန်ရထားသည် မြင်းခြံဘူတာမှ နံနက် ၄နာရီ ၄၅ မိနစ်တွင် ထွက်ခွာ၍ နေပြည်တော်သို့ မွန်းလွဲ ၁၂ နာရီ ၁၀ မိနစ်တွင် ဆိုက်ရောက်မည်ဖြစ်သည်။

## ရောင်းချပေးမည်

အဆိုပါ ခရီးစဉ်တွင် ခရီးစဉ်ဘူတာများအဖြစ် ရွာတော်-တပ်ကုန်း-ရမည်းသင်း-ပျော်ဘွယ်-သာစည်-မိတ္ထီလာ-မလှိုင်-တောင်သာ ဘူတာတို့၌ ရပ်တန့်ပေးသွားမည်ဖြစ်ပြီး အထူးတန်း ရထားလက်မှတ်များကို သုံးရက် ကြိုတင်၍ လည်းကောင်း၊ ရိုးရိုးတန်းကို တစ်ရက်ကြိုတင်၍ လည်းကောင်း၊ လက်ကျန်လက်မှတ်များကို ရထားမထွက်ခွာမီ နံနက် ၅ နာရီမှ ရထားထွက်ခွာသည့် အချိန်အထိ လည်းကောင်း ရောင်းချပေးသွားမည်ဖြစ်ပြီး နေပြည်တော်-သာစည်-မိတ္ထီလာ-မြင်းခြံ ခရီးစဉ်အစအဆုံး ရိုးရိုးတန်း ငွေကျပ် ၆၁၀၊ ပထမတန်း ငွေကျပ် ၇၆၀၊ အထူးတန်း ငွေကျပ် ၁၂၂၀ ဖြင့်ခရီးသွားပြည်သူများ ဝယ်ယူစီးနင်းလိုက်ပါနိုင်ကြောင်းသိရှိရသည်။

ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားက နေပြည်တော်နှင့် ဒေသအသီးသီးသို့ ခရီးသွားလာမှု လွယ်ကူလျင်မြန်စေရန် ၂၀၀၅ခုနှစ် ဇူလိုင် ၁၁ ရက်တွင် နေပြည်တော်-ရန်ကုန်-နေပြည်တော် အမြန်ရထား ခရီးစဉ်ကို လည်းကောင်း၊ ၂၀၀၆ခုနှစ် မေ ၁၈ ရက်တွင် နေပြည်တော်-ပုဂံ-နေပြည်တော် ခရီးစဉ်ကို လည်းကောင်း၊ မေ ၂၅ ရက်တွင် နေပြည်တော်-ပြည်-နေပြည်တော် ခရီးစဉ်ကိုလည်းကောင်း၊ ဇွန် ၇ ရက်တွင် နေပြည်တော်-မန္တလေး-နေပြည်တော် ခရီးစဉ်ကို လည်းကောင်း၊ ဇူလိုင် ၁၆ ရက်တွင် နေပြည်တော်- မြင်းခြံ-နေပြည်တော် ခရီးစဉ်ကို လည်းကောင်း ပြေးဆွဲပေးခဲ့သည်။

## ဆက်လက်တည်ဆောက်

ထို့အပြင် နေပြည်တော်-မော်လမြိုင်-နေပြည်တော် ခရီးစဉ်ပြေးဆွဲနိုင်ရန်အတွက် ဒိုက်ဦး-မြစ်ကျိုး-စစ်တောင်းရထားလမ်းကို ဆက်လက်တည်ဆောက်လျက် ရှိကြောင်းနှင့် နေပြည်တော်-ရွှေညောင်-နေပြည်တော် ခရီးစဉ်ပြေးဆွဲနိုင်ရန် ပျော်ဘွယ်-ဘုရားငါးဆူ ဖြတ်လမ်းကို ၂၀၀၆-၂၀၀၇ခုနှစ်အတွင်း တည်ဆောက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်အောင်မင်း အမှတ် (၂၇)အဆန် နေပြည်တော်-သာစည်-မိတ္ထီလာ-မြင်းခြံ-နေပြည်တော် အမြန်ရထားဖြင့် လိုက်ပါစီးနင်းကြမည့် ခရီးသွားပြည်သူများအား အမြန်ရထားစတင်ပြေးဆွဲသည့်အထိမ်းအမှတ် လက်ဆောင်ပစ္စည်းများပေးအပ်စဉ်။ (သတင်းစဉ်)

# တန့်ကြည့်တောင် ဝိပဿနာရိပ်သာ အဓိဋ္ဌာန်ပွဲများကျင်းပမည်

**ရန်ကုန် ဇူလိုင် ၁၈**

ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် အမှတ် ၃ လမ်းမကြီး ကုန်းတလပေါင်ကျေးရွာအနီးရှိ ထေရဝါဒဗုဒ္ဓသာသနာပြုဌာန တန့်ကြည့်တောင် ဝိပဿနာရိပ်သာ၌ ခုနစ်ရက်အဓိဋ္ဌာန်ပွဲများ ကျင်းပမည်ဖြစ်သည်။

လအလိုက် အဓိဋ္ဌာန်ပွဲများမှာ ဇူလိုင် ၂၁ရက် ညနေမှ ၂၈ရက် နံနက်အထိ၊ ဩဂုတ် ၂၅ ရက်ညနေမှ စက်တင်ဘာ ၁ ရက်နံနက်အထိ၊ စက်တင်ဘာ ၂၂ ရက် ညနေမှ ၂၉ ရက် နံနက်အထိ၊ အောက်တိုဘာ ၂၀ ရက်ညနေမှ ၂၇ ရက်နံနက်အထိ၊ နိုဝင်ဘာ၂၄ ရက် ညနေမှ ဒီဇင်ဘာ ၁ ရက် နံနက်အထိ ငါးကြိမ်တိုင်တိုင် ပြုလုပ်မည်ဖြစ်ရာ အဓိဋ္ဌာန်ဝင်လိုသော ယောဂီများသည် ရိပ်သာဖုန်း- ၆၃၈၀၈၈ နှင့် ကပ္ပိယကာရကအဖွဲ့ဝင်များထံ ကြိုတင် ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

# NLD ပါတီအပေါ် စိတ်ဝင်စားမှု၊ ယုံကြည်အားထားမှုမရှိ တန့်ဆည်မြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်ခြောက်ဦးနုတ်ထွက်

**ရန်ကုန် ဇူလိုင် ၁၈**

စစ်ကိုင်းတိုင်း တန့်ဆည်မြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်များဖြစ်ကြသော ဝါးရုံကုန်းကျေးရွာမှ ဦးတင်ရွှေသည် မေ ၂၁ရက်တွင်လည်းကောင်း၊ သာယာကုန်းကျေးရွာမှ ဦးညိုသည် မေ ၂၄ရက်တွင်လည်းကောင်း၊ ကျွန်းတောကုန်းကျေးရွာမှ ဦးမြင့်ဝေနှင့် ဒေါ်တင်လေးတို့သည် ဇွန် ၈ရက်တွင်လည်းကောင်း၊ ငန္ဒဇင်ကျေးရွာမှ ဦးမျိုးသိန်းသည် ဇွန် ၁၁ ရက်တွင်လည်းကောင်း၊ တန့်ဆည်မြို့ ပေါ်ဦးရပ်မှ ဘဏ္ဍာရေးမှူး ဦးမှတ်တင်သည် ဇွန် ၁၉ ရက်တွင်လည်းကောင်း ၎င်းတို့၏ဆန္ဒအလျောက် နုတ်ထွက်စာများကို အသီးသီးရေးသားပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)ဌာနချုပ်သို့လည်းကောင်း၊ သက်ဆိုင်ရာဒေသအာဏာပိုင်အဖွဲ့အစည်းများသို့လည်းကောင်း နုတ်ထွက်လွှာများကို ပေးပို့နုတ်ထွက်ခဲ့ကြသည်။

စစ်ကိုင်းတိုင်း ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင် အဖွဲ့ခွဲသို့ပေးပို့သော ၎င်းတို့၏နုတ်ထွက်လွှာများတွင် ၎င်းတို့အနေဖြင့် NLD ပါတီ၏ လုပ်ငန်းတာဝန်များကို စိတ်ပါဝင်စားမှုမရှိတော့ခြင်း၊ NLD ပါတီကို ယုံကြည်အားထားမှု မရှိတော့ခြင်းတို့ကြောင့် ယခုကဲ့သို့ NLD ပါတီဝင်အဖြစ်နှင့် ပါတီ၏တာဝန်များမှ ၎င်းတို့၏ဆန္ဒအလျောက် နုတ်ထွက်ပါကြောင်းဖြင့် ဖော်ပြထားသည်။

စစ်ကိုင်းတိုင်း တန့်ဆည်မြို့နယ်မှ အဆိုပါ NLD ပါတီဝင်ခြောက်ဦးအပြင် ပေါ်ဦးရပ်မှ ဦးဖေသန်း၊ ကိုးတောင်ပို့မှ ဦးတင်အေးတို့သည်လည်း နုတ်ထွက်ခဲ့ကြပြီးဖြစ်၍ စစ်ကိုင်းတိုင်း တန့်ဆည်မြို့နယ်မှ ပါတီဝင်ရှစ်ဦး နုတ်ထွက်ခဲ့ကြပြီးဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

# ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်လှထွန်းအား အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေမှ အဖွဲ့ခေါင်းဆောင်နှင့်အဖွဲ့ တွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၁၈**

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်လှထွန်းအား အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့ (IMF) မှ Deputy Division Chief, Mr. Leslie Teo Eng Sipp ခေါင်းဆောင်သောအဖွဲ့က ယမန်နေ့ညနေ ၃ နာရီက နေပြည်တော်ရှိ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး၏ညှိ်ခန်းသို့ လာရောက် တွေ့ဆုံနှုတ်ဆက်သည်။ **(အောက်ပုံ)**

ထိုသို့တွေ့ဆုံရာတွင် ဝန်ကြီးနှင့်အတူ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးကြီးလှသိန်းဆွေ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်နှင့် သက်ဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များလည်း တက်ရောက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



## ခေါင်းဆောင် လက်စွဲစာအုပ်ဖြန့်ချိ

**ရန်ကုန် ဇူလိုင် ၁၈**

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ် နိုင်(ချစ်နိုင်-စိတ်ပညာ) ရေးသားသော 'ခေါင်းဆောင်လက်စွဲ' စာအုပ်**(အောက်ပုံ)**သည် အသက်(၁၂) နှစ်မှ(၃၂)နှစ်အတွင်း လူငယ်များ၏ အခက်အခဲ၊ စိန်ခေါ်ပွဲများကို အောင်အောင်မြင်မြင် ရင်ဆိုင်ဖြေရှင်းနိုင်စေရန် အထောက်အကူပြု ရေးသားထားသော လူငယ်စိတ်ပညာ စာအုပ်ဖြစ်သည်။ ခေါင်းဆောင်များတွင် ရှိရမည့် အရည်အသွေးများကို အခန်းခြောက်ခန်းခွဲ၍ ဖော်ပြထားပြီး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထူးသင်တန်းတွင် ပို့ချချက်များကို စုစည်းတင်ပြထားသည်။ နိုင်စာပေမှ ထုတ်ဝေဖြန့်ချိ၍ တန်ဖိုးငွေ ကျပ်၅၀၀ ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**




## ဗုဒ္ဓဂယာမြန်မာကျောင်း( မူလကျောင်းဟောင်း ) တိုးချဲ့မြေဝယ်ယူရန်အတွက် ငွေများလှူဒါန်း



**အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း(မူလကျောင်းဟောင်း)တိုးချဲ့ မြေဝယ်ယူရန်အတွက် နှစ်ဖက်မိဘ အမှူးထား၍ ဦးအုန်းရှိန်-ဒေါ်ကြင်ငွေ သားသမီးမြေးတစ်စု အမှတ် ၁၄၁ မြင့်မိုရ်လမ်းဈေးအနောက် အင်းစိန်မြို့နယ် မိသားစုက အလှူငွေကျပ်တစ်သိန်းတစ်သောင်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံဗုဒ္ဓဂယာ ကျောင်း အမှူဆောင်ဆရာတော် ဓမ္မာစရိယ(B.A)အရှင်ကောသလ္လ (မြန်အောင်)ထံ ဆက်ကပ်လှူဒါန်းစဉ်။** (က-ပ)



**အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း(မူလကျောင်းဟောင်း) တိုးချဲ့ မြေဝယ်ယူရန်အတွက် အမှတ် ၈၉ လှည်းတန်းလမ်းမ ကမာရွတ်မြို့နယ်နေ ဦးကျော်ညွန့်-ဒေါ်ရင်မေ၊ ဦးတင်ကိုဦး-ဒေါ်နိုင်နိုင်မော်၊ သား မောင်ကျော်ရဲနိုင် မိသားစုတို့က အလှူတော်ငွေ ကျပ်တစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့်အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း ဦးကုသလ(M.A) ရွှေ့မှော်ကဲ့ တာဝန်ခံ ဒေါက်တာ အေးအေးမာထံ ပေးအပ်လှူဒါန်းစဉ်။** (က-ပ)

## “ကောင်း မကောင်းပြု ကံနှစ်ခု” တရားတော် အသံလွှင့်ဟောကြားမည်

**ရန်ကုန် ဇူလိုင် ၁၈**

၁၃၆၈ ခုနှစ် ဝါဆိုလပြည့်ကျော်၁၅ ရက် (၂၀၀၆ ခုနှစ် ဇူလိုင် ၂၄ ရက်) တနင်္လာနေ့ မွန်းတည့် ၁၂ နာရီတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အဖွဲ့ဝင် ရန်ကုန်တိုင်း ခရမ်းမြို့နယ် ကိုင်းကုန်းပါဠိတက္ကသိုလ်ကျောင်းတိုက် ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တ ဇောတိကက **“ကောင်း မကောင်းပြု ကံနှစ်ခု”** တရားတော်ကို မြန်မာ့အသံ မြန်မာပိုင်းအစီအစဉ်မှ အသံလွှင့်ဟောကြားတော်မူမည်ဖြစ်ကြောင်း သာသနာရေး ဦးစီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

## မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း( ဗဟို ) ဘုန်းတော်ကြီးသင်ကျောင်းများသို့ ကျောင်းသုံးပစ္စည်းလှူဒါန်း

**ရန်ကုန် ဇူလိုင် ၁၈**

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဒေါ်တင်တင်မြနှင့် အဖွဲ့ဝင်များ၊ ရန်ကုန်အရှေ့ပိုင်းခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်နန်းရွှေယဉ်နှင့်အဖွဲ့ဝင်များ၊ မြောက်ဥက္ကလာပမြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့်အသင်းဝင်များသည် ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် မြောက်ဥက္ကလာပမြို့နယ် ဓမ္မာလင်္ကာရ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းသို့ ရောက်ရှိပြီး ကျောင်းသုံး ပစ္စည်းများ ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ နံနက် ၁၁ နာရီတွင် အဆိုပါ မြို့နယ်မာဃဘုန်းတော်ကြီးသင် ပညာရေးကျောင်းသို့ သွားရောက်ကာ ကျောင်းသုံးပစ္စည်းများ လှူဒါန်းသည်။ ဗဟိုအလုပ်အမှုဆောင် ဒေါက်တာသန်းဦးက ကျောင်းသုံးပစ္စည်းများ လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းပြောကြားထား၍ ဗဟိုအလုပ်အမှုဆောင် ဒေါ်တင်တင်မြ နှင့် ဒေါက်တာဒေါ်ခင်မြဝင်းတို့က တစ်ကျောင်းလျှင် တန်ဖိုးငွေ ကျပ်နှစ်သိန်းခွဲ ဖိုးစီရှိသော ကျောင်းသုံးဗလာစာအုပ်၊ ခဲတံ၊ ရောင်စုံခဲတံနှင့် ခဲဖျက်များ လှူဒါန်းကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ဝါဆိုသင်္ကန်းကပ်မည်

**ရန်ကုန် ဇူလိုင် ၁၈**

ရန်ကုန်မြို့ သင်္ဃန်းကျွန်းမြို့နယ် သုမင်္ဂလာလမ်း ကျိုက္ကစံ- ဓမ္မပိယ သာသနာ့ရိပ်သာ၏ (၁၅)ကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ၁၃၆၈ ခုနှစ် ဝါခေါင်လဆန်း ၁၃ ရက် (ဩဂုတ် ၆ ရက်) တနင်္ဂနွေနေ့ နံနက် ၉ နာရီတွင် ဓမ္မပိယ သာသနာ့ရိပ်သာ၌ ကျင်းပမည်ဖြစ်သည်။ **(က-ပ)**




## အောင်ပင်လယ်စာသင်တိုက် စာအောင်သံဃာပူဇော်ပွဲနှင့် ဝါဆိုသင်္ကန်းဆက်ကပ်ပွဲ

**ရန်ကုန် ဇူလိုင် ၁၈**

တောင်ဥက္ကလာပမြို့နယ် အောင်ပင်လယ် စာသင်တိုက် စာအောင် သံဃာပူဇော်ပွဲနှင့် စုပေါင်းဝါဆိုသင်္ကန်းဆက်ကပ်ပွဲကို ဝါဆိုလပြည့်နေ့က အောင်ပင်လယ်ကျောင်းဆောင် အပေါ်ထပ်၌ ကျင်းပရာ ကျောင်းတိုက် ပဓာန နာယကဆရာတော် ဘဒ္ဒန္တ ပဏ္ဍိတ(မဟာဂန္ထဝါစကပဏ္ဍိတ) အမှူးရှိသော သံဃာတော် အပါး၁၀၀ကျော် တို့အား ဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးတင်စိန်နှင့်ဂေါပကအဖွဲ့ဝင်များ၊ဒါယကာ၊ ဒါယိကာမအပေါင်းတို့က စာအောင်သံဃာပူဇော်ပွဲနှင့် ဝါဆိုသင်္ကန်း ဆက်ကပ်ခြင်းတို့ကို ပြုလုပ်ပြီး ဆရာတော်က အနုမောဒနာတရားချီးမြှင့်တော်မူသည်။ ထိုနေ့ နေ့ဆွမ်းကို ဗဟန်းမြို့နယ် ရွှေတောင်ကြား ၂ နေ ပန်းချီ ဦးမင်းဝေအောင်-ဒေါ်သန်းသန်းမော်၊ သား မင်းမော်အောင်၊ ကောင်းမော်အောင်မိသားစုတို့က လှူဒါန်းဆက်ကပ်ကြကြောင်း သိရသည်။ **(၁၉၂)**



## အဆင့်မြင့်တန်းကွင်းဖွင့်ဖလား ယှဉ်ပြိုင် ဘဏ္ဍာ/ အခွန်က မြို့တော်စည်ပင်ကိုနိုင်

**ရန်ကုန် ဇူလိုင် ၁၈**

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၀၆-၂၀၀၇ခုနှစ် ဘောလုံးရာသီအဆင့်မြင့်တန်း ကွင်းဖွင့်ဖလားဘောလုံး ပြိုင်ပွဲ ဒုတိယအကြိုဗိုလ်လုပွဲစဉ်ကို ယနေ့ညနေ၃နာရီက အောင်ဆန်းအားကစားပြိုင်ကွင်း၌ ကျင်းပရာ ဘဏ္ဍာ/အခွန်အသင်းက မြို့တော်စည်ပင်အသင်းကို လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိပြီး ဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။

### ပထမအကြိုဗိုလ်လုပွဲ

ယမန်နေ့ ညနေ ၃နာရီက အောင်ဆန်းအားကစားပြိုင်ကွင်း၌ ပထမအကြိုဗိုလ်လုပွဲစဉ်အဖြစ် စီးပွား/ကူးသန်းအသင်းနှင့် ပို့ဆောင်ရေးအသင်းတို့ ယှဉ်ပြိုင်ကစားရာ စီးပွား/ကူးသန်း အသင်းက သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိပြီး ဗိုလ်လုပွဲသို့တက်ရောက်သွားသည်။

### ဗိုလ်လုပွဲ

ဇူလိုင်၂၂ရက်ညနေ၃နာရီတွင် အောင်ဆန်းအားကစား ပြိုင်ကွင်း၌ နောက်ဆုံးဗိုလ်လုပွဲစဉ်အဖြစ်စီးပွား/ကူးသန်းအသင်းနှင့် ဘဏ္ဍာ/အခွန် အသင်းတို့ ယှဉ်ပြိုင်ကစားကြမည် ဖြစ်သည်။ **(မြန်မာ့အလင်း)**

## The Commerce Journal အတွဲ(၆)၊ အမှတ်(၁၃)ဖြန့်ချိ

**ရန်ကုန် ဇူလိုင် ၁၈**

The Commerce Journal အတွဲ(၆)၊ အမှတ်(၁၃)ကို ဖြန့်ချိလိုက် ပြီဖြစ်သည်။ အဆိုပါဂျာနယ်တွင် မြန်မာ့ကြက်သွန်နီများ ဘင်္ဂလားဒေ့ရှ်မှ ဝယ်ယူလိုကြောင်းကမ်းလှမ်း၊ အာလူးထုတ်လုပ်မှု တန်ဖိုးမြင့်တင်ရေး အလုပ်ရုံဆွေးနွေး၊ ရှမ်းပြည်နယ်(တောင်ပိုင်း) လယ်ယာသီးနှံစိုက်ပျိုးထုတ်လုပ်ရန်စီစဉ်၊ တရုတ်ယွမ်ငွေတန်ဖိုးတက်လာ၊ ဒုံးပျံဂိမ်းမှ ထရိတ်ဝါး၊ သရက်မှိုရောဂါ၊ ဖန်လုံအိမ် အာနိသင်ရဲ့ ဒုက္ခ၊ အာရှရဲ့အကောင်းဆုံးဒေသများ၊ ကမ္ဘာကျော်အိန္ဒိယသရက်မျိုးများ၊ သစ်သီးဖျော်ရည်များ၏ အာဟာရအရေးပါမှု၊ အောင်မြင်ချမ်းသာနည်း ၁၀၀၊ M-government၊ အချမ်းသာဆုံးကိုရီးယားသူဋ္ဌေးကြီးများ၊ မစ္စ အမေရိကား၊ မစ္စတိုးရစ်၊ မီယာမီဖက်ရှင်စသည့် သတင်းများ၊ မောင်စူးစမ်း၊ ဒေါက်တာ ခင်မောင်ညို၊ မောင်ဆုရှင်၊ ကြည်ရွှန်း၊ မောင်ပုဆိုးကြမ်း၊ သိန်းမြသိန်း၊ ဟံသာထွန်းတို့၏ ဆောင်းပါးများ၊ ပြည်တွင်းပြည်ပ ဈေးကွက်သတင်းများ၊ ဆရာစံဇာဏီဘို၏ အမည် ဟောကိန်းများဖြင့် ဝေဝေဆာဆာ ဖော်ပြထားပြီး အမှတ်၃၈ လမ်း ၃၀ ပန်းဘဲတန်း မြို့နယ်က တစ်ပြည်လုံးသို့ ဖြန့်ချိထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ဘုတ်ပြင်းမြို့နယ်၌ စာကြည့်တိုက်ပညာဆင့်ပွားဖွင့်

**ရန်ကုန် ဇူလိုင် ၁၈**

ဘုတ်ပြင်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနကကြီးမှူး၍ စာကြည့်တိုက်ပညာဆင့်ပွားသင်တန်း အမှတ်စဉ် (၂/၀၆)ကို နို့ငွါးကျေးရွာအုပ်စု ချောင်းကဖီးကျေးရွာ သမ္မာအသိ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်တွင် ဇွန် ၂၂ ရက်မှ ၂၃ ရက် အထိ ဖွင့်လှစ်ခဲ့သည်။ **(ဝဲပုံ)**

သင်တန်းဖွင့်ပွဲအခမ်းအနားကို ဇွန် ၂၂ရက် နံနက်၉နာရီက အဆိုပါစာကြည့်တိုက်၌ ကျင်းပရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးဆန်းဟိုနှင့် ကျေးရွာအုပ်စု ဥက္ကဋ္ဌ ဦးသန့်ဇင်တို့က အမှာစကား ပြောကြားသည်။

### ရှင်းလင်း

ဆက်လက်၍ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးမှူး ဒေါ်နီနီချိုက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းကာ ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

### တက်ရောက်

သင်တန်းဖွင့်ပွဲသို့ နို့ငွါး ကျေးရွာအုပ်စုရှိ ကျေးရွာသုံးရွာမှ ရပ်ကွက်တာဝန်ရှိသူများ၊စာကြည့်တိုက် ကော်မတီဝင်များ၊ လူမှုရေးအသင်းဝင်များ၊ သင်တန်းသားများ စုစုပေါင်း ၃၀ တက်ရောက်ကြသည်။

### လက်တွေ့ပြသ

ဖွင့်ပွဲအပြီးတွင် စာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်းကို မြို့နယ် ဦးစီးမှူး ဒေါ်နီနီချိုနှင့် စာကြည့်တိုက်လက်ထောက်-၃ ဒေါ်ဖြူဖြူသိန်းတို့က ဆက်လက်ဆွေးနွေးပို့ချကာ သင်တန်းသားကိုးဦးအား လက်တွေ့ဆောင်ရွက်ပြသခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

2006 ခုနှစ်၊ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကို ပံ့ပိုးကူညီတင်ဆက်ပေးသော
Gold Roast ကော်ဖီမစ်နှင့် Calsome ကွေကာမှ ကမ္ဘာ့ဖလားဆိုင်ရာ ဆိုင်မည့်အသင်းကို
ကြိုတင်ခန့်မှန်းဖြေဆိုနိုင်သူများထဲမှ ရင်ခုန်ရောက်ကံထူး ပေါက်သူ ကံထူးရှင်များမှာ...

**ကျပ် (၁၀) သိန်းဆုရှင်** — ကိုတင်မိုး — မှတ်ပုံတင် - KPG-168332

**ကျပ် (၅) သိန်းဆုရှင်** — မှတ်ပုံတင် - ...

**ကျပ် (၃) သိန်းဆုရှင်** — မှတ်ပုံတင် - PGU-226059

**ကျပ်(၁)သိန်းဆုရှင်**

၁။ ... ၂။ ... H/RGN-038312 ...

**ကျပ် (၅) သောင်းဆုရှင်**

**ကျပ်(၁)သောင်းဆုရှင်**

... KPG-175962 ... TKI-018298 ... MWA-014510 ... ISN-548550 ... TGN-099455 ... EMGI-036712 ... S/OKA-077811 ... PGU-218094 ...



**မွေးနေ့မင်္ဂလာဆုတောင်း**

**ဦးအေးကို** (AK Chairman-AK Construction & Industry Company Limited)၏ ၁၉-၇-၂၀၀၆ရက်တွင်ကျရောက်သော မွေးနေ့မင်္ဂလာမှသည် နောင်နှစ်ပေါင်းများစွာတိုင် မိသားစုနှင့်အတူ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းများနှင့်ပြည့်စုံပြီး စီးပွားရေး၊ လူမှုရေး၊ ဘာသာအကျိုး၊ သာသနာအကျိုးများကို ဆတက်ထမ်းပိုး တိုးတက်အောင်မြင်စွာ ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

**မန်နေဂျင်းဒါရိုက်တာ ဦးကျော်စိန်နှင့်**
**ဝန်ထမ်းများအားလုံး**
**Jewellery Luck Co., Ltd.**



အစွမ်းရေးတပ်ပွဲ လက်ဘနွန်နိုင်ငံတွင်းသို့
ဝင်ရောက်ထိုးစစ်ဆင်သည့် သတင်းနှင့်
မော်ဒန် နိုင်ငံတကာသတင်းဂျာနယ်



**ရန်ကုန် - စစ်တွေသို့ ကုန်ပို့လိုသူများ**

ပြည်တွင်းရေကြောင်းနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော ကိုကျောက်တောင် ကုန်ပို့လုပ်ငန်းမှ **"ရွှေငွေခိုင်အောင်"** စက်လှေမှာ ရန်ကုန်မှ စစ်တွေသို့ ကမ်းရိုးတန်းသွားဆိပ်ကမ်းမှ ကုန်တင်ပြေးဆွဲမည်ဖြစ်ပါ၍ ကုန်ပို့လိုသူများ အောက်ပါလိပ်စာအတိုင်း ဆက်သွယ်နိုင်ပါသည်။

**ကိုကျောက်တောင်ကုန်ပို့လုပ်ငန်း**
**အမှတ် ၃၄၊ ဗိုလ်ရာညွန့်လမ်း၊**
**ဒဂုံမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၃၈၀၀၉၆၊ ၃၈၇၇၇၆၊**
**၀၉၉၉ ၂၅၉၂၅။**


## အေးချမ်းအောင်မြင်ငွေကျောင်း ဝါဆိုသင်္ကန်းကပ်လှူပွဲ

**ရန်ကုန် ဇူလိုင် ၁၈**

ရန်ကုန်မြို့ တာမွေမြို့နယ် မေတ္တာညွန့်ရပ်ကွက် နေမျိုးသူရလမ်းတွင် သီတင်းသုံးတော်မူသော အေးချမ်းအောင်မြင် အုတ်ခွက်ဘုရားအား အမှူးထား၍ အေးချမ်းအောင်မြင် ငွေကျောင်းတွင် ဝါကပ်တော်မူကြသည့် ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဦးသုဂန္ဓ၊ ညီတော်ဆရာတော် ဇောတိက၊ ကျောင်းရှိ သံဃာတော်ကိုးပါးနှင့် ပင့်သံဃာ ၁၀၈ပါးတို့အား ဇူလိုင် ၂၃ရက် (ဝါဆိုလပြည့်ကျော် ၁၄ ရက်) နံနက်၉နာရီခွဲတွင် ဝါဆိုသင်္ကန်းကပ်လှူပွဲကျင်းပမည်ဖြစ်သည်။ ဝါဆိုသင်္ကန်းအတွက် လှူဒါန်းလိုသူများသည် အထက်ပါကျောင်းတိုက်ကြီးရှိ ဖုန်း- ၇၂၄၄၈၂၊ ၅၅၆၆၆၆၊ ၀၉ ၅၀-၀၂၆၈၃နှင့်၀၉ ၅၁-၅၀၂၇၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

## ဘဒ္ဒန္တ ဝါယာမိန္ဒာဘိဝံသ ရေစကြိုဆရာတော်တရားပွဲ

**ရန်ကုန် ဇူလိုင် ၁၈**

ရန်ကင်းမြို့နယ် မိုးကောင်း ဆုတောင်းပြည့်စေတီတော် ဗုဒ္ဓသာသနာ့ဝေယျာဝစ္စ နိဗ္ဗာန်ဆော်ဝတ်အသင်း အရိယာဓမ္မာရုံကြီးတွင် ဒဂုံမြို့သစ်အရှေ့ပိုင်း မဟာဂန္ဓဝင်ကျောင်းတိုက် ပဓာနနာယက ဆရာတော် တိပိဋကရေ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ပါဠိပါရဂူအဂ္ဂမဟာအကျော် ဘဒ္ဒန္တဝါယာမိန္ဒာဘိဝံသ(ရေစကြိုဆရာတော်)သည် ဝါဆိုလကွယ်နေ့ (ဇူလိုင်၂၄ရက်)တနင်္လာနေ့ မွန်းလွဲ ၂နာရီတွင် နိဗ္ဗာန်ရောက်ကြောင်းတရားတော်များ ဟောကြားမည်ဖြစ်ကြောင်းနှင့် ဆရာတော်အား ဝါဆိုသင်္ကန်းများ ကပ်လှူမည်ဖြစ်ကြောင်းသိရသည်။

(က-ပ)

## အခြေခံပန်းအလှပြုပြင်မှု သင်တန်းဖွင့်လှစ်မည်

**ရန်ကုန် ဇူလိုင် ၁၈**

မြန်မာနိုင်ငံ ပန်းဝါသနာရှင်အသင်းက ကြီးမှူးဖွင့်လှစ်မည့် အခြေခံ ပန်းအလှပြုပြင်မှု သင်တန်းအမှတ်စဉ် ၄/၂၀၀၆ကို ဩဂုတ် ၅ရက်မှ ၁၂ရက်အထိ နေ့စဉ်မွန်းတည့် ၁၂နာရီမှ ညနေ ၄နာရီအတွင်း သင်တန်းသားသင်တန်းသူ ၅၀ဖြင့် ရန်ကုန်မြို့ ပြည်သူ့ရင်ပြင် အတွင်းရှိ ပြည်ထောင်စုအေးရိပ်ငြိမ်ခန်းမဆောင်၌ဖွင့်လှစ်ရန် စီစဉ်ထားသည်။

**ဆက်သွယ်နိုင်**

သင်တန်းကြေးအဖြစ်အသင်းဝင်များနှင့် အစိုးရဝန်ထမ်းများအတွက် ကျပ်၄၀၀၀စီ၊ ပြင်ပပုဂ္ဂိုလ်များအတွက် ကျပ်၅၀၀၀စီ သတ်မှတ်ထားရာ တက်ရောက်လိုသူများသည် ပြည်သူ့ရင်ပြင် အတွင်းရှိအသင်းရုံး တယ်လီဖုန်းအမှတ် ၃၇၉၃၆၁သို့ ဆက်သွယ်တက်ရောက်နိုင်ကြောင်း သိရသည်။

(၃၀၈)


PAJERO (46)
Ph: 0951-59132

Ph: 0950-11827

7 DAY NEWS JOURNAL

**ညီညီမြင့် သူနာပြုအကူသင်တန်း** အလုပ်အကိုင်ရရှိရေးအာမခံသည်။
August တန်းခွဲ သင်တန်းလက်ခံပြီ။ **၇၈၊ ပထမထပ်၊ စံရိပ်ငြိမ်၊ လှည်းတန်း၊ အင်းစိန်လမ်းမ။ ဖုန်း ၀၉-၅၁၂၆၉၃၈၊ ၅၁၆၀၉၉ (လိုင်းခွဲ-၄၆၅၄)**

" မိုးနဲ့အပြိုင် DI ထီး "
DI (Export quality) အထည်ဆိုင်ရဲ့
Discount ပေးမည့်ရက် (13-7-2006 မှ 25-7-2006)
Discount ပေးမည့်နေရာ အမှတ် ၁၅၈ ... ရန်ကုန်
ဖုန်း - 510913, 526826

## တစ်ကိုယ်ရေသန့်ရှင်းရေးနှင့် ရာသီအလိုက်ရောဂါအကြောင်းဟောပြော အောင်မြေသာစံ၌ တိုင်းရင်းဆေးပညာဖြင့် ကျန်းမာရေးစစ်ဆေး

**မန္တလေး ဇူလိုင် ၁၁**

မန္တလေးအောင်မြေသာစံမြို့နယ် ကျောင်းအုပ်ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ သီရိမာလာ၊ ဒုတိယကျောင်းအုပ်ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကေလာသတို့ ဦးဆောင်ဖွင့်လှစ်သည့်ဥသျှစ်ကုန်း(ပရဟိတ)ဘုန်းတော်ကြီးသင်ပညာသင်ကျောင်းတွင် တိုင်းရင်းဆေးပညာဖြင့် ကျောင်းကျန်းမာရေးစောင့်ရှောက်ခြင်း လုပ်ငန်းများကိုဇူလိုင်၅ရက် မွန်းလွဲ ၁နာရီမှ ညနေ၄နာရီအထိ မန္တလေးခရိုင် တိုင်းရင်းဆေးကုဌာနနှင့် အောင်မြေသာစံမြို့နယ် တိုင်းရင်းဆေးကုဌာနရှိ ဆရာ ဆရာမများက ဆောင်ရွက်ကြသည်။**(ယာပုံ)**

**စစ်ဆေးပေး**

အခမ်းအနားတွင် ခရိုင်တိုင်းရင်းဆေးကုဌာနမှ ဒုတိယတိုင်းရင်းဆေးမှူးဦးစိုးနိုင်က တစ်ကိုယ်ရေသန့်ရှင်းရေးအကြောင်းကိုလည်းကောင်း၊ မြို့နယ်ဒုတိယ တိုင်းရင်းဆေးမှူးဒေါ်သန်းသန်းအေးက ရာသီဥတုအလိုက် ဖြစ်တတ်သော ရောဂါများအကြောင်းနှင့် လက်ထောက်တိုင်းရင်းဆေးမှူးဒေါ်အိအိကျော်က ဆေးဖက်ဝင်အပင်များအကြောင်း ဟောပြောကြပြီး ကျောင်းသား ကျောင်းသူ စုစုပေါင်း ၄၇၅ဦးတို့ကို ကျန်းမာရေးစစ်ဆေးပေးကြသည်။

**ကူညီပံ့ပိုး**

အဆိုပါ အခမ်းအနားတွင် ကျောင်းအုပ်ဆရာတော်နှင့် ဆရာ ဆရာမများက လိုအပ်သည်များကို ကူညီပံ့ပိုးပေးကြသည်။ **(၃၁၃)**





**၂၀၀၆ခုနှစ် မြန်မာအမျိုးသမီးများနေ့ အခမ်းအနားကို ဇူလိုင် ၃ ရက်က တာချီလိတ်မြို့ အောင်မြတ်ခန်းမ၌ ကျင်းပရာ အခမ်းအနားတွင် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲဆုရသူ တစ်ဦးအား ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ရင်ရင်မြင့်က ဆုချီးမြှင့်စဉ်။** (၄၂၀)

## ခြံစည်းရိုးကြက်ဆူပင် စုပေါင်းစိုက်ပျိုး

**ကလော ဇူလိုင် ၁၂**

ကလောမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင်မြေများအတွင်း ခြံစည်းရိုးကြက်ဆူပျိုးပင်ပေါက်များကို ဇူလိုင်၇ရက်က စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ စုပေါင်း၍ မြေချစိုက်ပျိုးခြင်းလုပ်ငန်းများ ဆောင်ရွက်ရာသို့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူးဦးအောင်မြင့် ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(နယ်စပ်/စည်ပင်)**

## မလှိုင်မြို့၌ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းဖွင့်

မလှိုင် ဇူလိုင် ၁၁

**မလှိုင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ကြီးမှူး၍ ရပ်ကွက်၊ ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်း(၁/၂၀၀၆) ဖွင့်ပွဲအခမ်းအနားကို ဇူလိုင်၄ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ကျင်းပသည်။**

အခမ်းအနားသို့ မိတ္ထီလာခရိုင် အဖွဲ့ဝင်(၂) ဒုတိယရဲမှူးကြီး လှမျိုးရှိန်၊ မြို့နယ်ဥက္ကဋ္ဌ ဦးမျိုးသန်းနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ သင်တန်းနည်းပြများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်(၂) ဒုတိယရဲမှူးကြီး လှမျိုးရှိန်က သင်တန်းဖွင့်အမှာစကားပြောကြားပြီး**(ဝဲပုံ)** မြို့နယ်ဥက္ကဋ္ဌဦးမျိုးသန်းက သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ **(၄၁၉)**

## စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျောက်ဖြူ၌ ကျင်းပ

**ကျောက်ဖြူ ဇူလိုင် ၁၁**

ကျောက်ဖြူခရိုင်နှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူး၍ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို ဇူလိုင် ၂ရက် နံနက် ၈နာရီက ကျောက်ဖြူမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဧည့်ရိပ်သာဝင်း အတွင်း၌ ကျင်းပသည်။

အခမ်းအနားသို့ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမျိုးတင့်နှင့်ဇနီး၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအဖွဲ့ အစည်းများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမျိုးတင့်၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်ခင်သန်းအိနှင့် ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မို့မို့အုန်းနှင့် တက်ရောက်လာကြသူများက အထိမ်းအမှတ်သစ်ပင် စိုက်ပျိုးပေးကြသည်။ **(ခရိုင် ပြန်/ဆက်)**



**ဒီပဲယင်းမြို့ မုံရွာ-ရေဦးကားလမ်းဘေးရှိ ရေမြောင်းများ ရေစီးရေလာ ကောင်းမွန်ရေးနှင့် အမှိုက်များ၊ ရေဆိုးများမရှိစေရန် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများစုပေါင်း သန့်ရှင်းရေးဆောင်ရွက်မှုကို ဇူလိုင် ၁ ရက်က အမှုဆောင်အရာရှိ ဦးမျိုး ကြီးကြပ်ဆောင်ရွက်ပေးစဉ်။** (မြို့နယ်စည်ပင်)



**ပေါက်ခေါင်းမြို့နယ် အိုးဘိုကုန်း အခြေခံပညာအလယ်တန်းကျောင်း၏ ၂၀၀၅-၂၀၀၆ခု မိဘ ဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ဇူလိုင်၇ရက်က အဆိုပါကျောင်းခန်းမ၌ ကျင်းပရာ သတ္တမတန်းမှ ဆုရကျောင်းသူတစ်ဦးအား ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ဝင်းကြည်က ပညာရည်ချွန်ဆု ပေးအပ်ချီးမြှင့်စဉ်။** (ပညာရေး)

## မူးယစ်ဆေးဝါးပပျောက်ရေးကြိုးပမ်းဆောင်ရွက် ကျန်းမာရေးဆိုင်ရာများ ကျောက်ပန်းတောင်း၌ ရှင်းလင်း

**ကျောက်ပန်းတောင်း ဇူလိုင် ၁**

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၏ လုပ်ငန်းဆောင်ရွက်ချက်များ ရှင်းလင်းပွဲ အခမ်းအနားကို ဇွန် ၁၇ရက် နံနက် ၉ နာရီက ကျောက်ပန်းတောင်းမြို့နယ် စပါးခန်းမ၌ ကျင်းပသည်။

**သိကောင်းစရာရှင်းလင်း**

အခမ်းအနားတွင် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်အကြောင်း သိကောင်းစရာများကို မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်လှလှဝင်းကလည်းကောင်း၊ လူကုန်ကူးမှု တားဆီးကာကွယ်ရေးဆိုင်ရာ ဆောင်ရွက်ချက်များကို အမျိုးသမီးများ ကာကွယ်ရေးနှင့် ပြုစုပျိုးထောင်ရေးအဖွဲ့ခေါင်းဆောင် ဒေါ်ခင်စောလင်းကလည်းကောင်း၊ မူးယစ်ဆေးဝါး ပပျောက်ရေး ကြိုးပမ်းဆောင်ရွက်ချက်များ အကြောင်းကို မူးယစ်ဆေးဝါးအဖွဲ့ခေါင်းဆောင် ဒေါ်အုန်းမြင့်ကလည်းကောင်း၊ ကျန်းမာရေးဆိုင်ရာ ဆောင်ရွက်ချက်များအကြောင်းကို ဒေါက်တာဒေါ်အေးအေးသစ်ကလည်းကောင်း ရှင်းလင်းပြောကြားကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**





## ထန်းတပင်၌ ခြံစည်းရိုးကြက်ဆူပင်စုပေါင်းစိုက်ပျိုး

**ထန်းတပင် ဇူလိုင် ၁၂**

ထန်းတပင်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ရွှေမြသာနှင့် အသင်းဝင်များ၊ ရပ်ကွက်ငါးရပ်ကွက်မှ ရပ်ကွက် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ စုပေါင်း၍ ဇူလိုင်၅ရက်နံနက် ၈နာရီက မြို့နယ်အားကစားကွင်း မြေကွက်လပ်၌ ခြံစည်းရိုးကြက်ဆူပင် ၁၃၀၀ကို စုပေါင်းစိုက်ပျိုးကြကြောင်း သိရသည်။**(ယာပုံ)** **(မြို့နယ် ပြန်/ဆက်)**

## မြန်မာ့အသံ နားဆင်စရာ

**၁၃၆၈ ခုနှစ် ဝါဆိုလပြည့်ကျော် ၁၁ရက်**
**၂၀-၇-၂၀၀၆ (ကြာသပတေးနေ့)**

**နံနက်ပိုင်း**

၀၇း၀၀ တရားတော်(ဦးဥတ္တမသာရ ဆရာတော်ကြီး၏ ဝဋ္ဋသုတ်နှင့် ဂုဏ်တော်ကွန်ချာ)

**နေ့လယ်ပိုင်း**

၁၁း၁၅ စက်မှုစွမ်းအား ခေတ်ကျော်လွှား [အင်တီအောက်ဆီဒင်(န်)အကြွယ် ဝဆုံးသဘာဝဆေးထုတ်လုပ်မှု အကြောင်း]
၁၁း၃၅ စာအုပ်စာပေလူ့မိတ်ဆွေ
(၁) သာလွန်-အင်္ဂလိပ်- မြန်မာအိတ်ဆောင်အဘိဓာန်
(၂) မြန်မာ့တိုင်းရင်းဆေးပညာ- ဒေသနာ နယဘာသာ- ပထမတွဲ- သမားတော် ဦးသောင်းလွင် (ကလျာဆေးတိုက်)
၁၂း၀၀ သိပ္ပံပညာသိကောင်းစရာ (အိုခြင်းတရားနှင့် သိပ္ပံအမြင်- ဒုတိယပိုင်း-မောင်ဆုရှင်)
၁၂း၃၀ အစာနှင့်အာဟာရ (ရှောက်သီး)
၁၂း၄၀ ကျန်းမာရေးရာပြန်ကြားလွှာ

**ညနေပိုင်း**

၁၆း၃၀ နိုင်ငံတကာစီးပွားရေးသတင်းပဒေသာ
၁၇း၀၀ တပ်မတော်စာတိုက်
၁၇း၁၅ ထူးဆန်းထွေလာ သတင်းပဒေသာ
၁၇း၄၀ ကိုယ့်စိတ်ကြိုက်ရွေး နှစ်သက်တေး
(၁) ပန်းကိုတော့ချူလိုပါသည်
(၂) ဖူးငုံချစ်ပန်း
(၃) ပြောင်းလဲနေသောရွာကလေး
၁၈း၂၅ သံစဉ်တေးသွား မေတ္တာစကား
(၁) အိပ်မက်သခင်
(၂) အိပ်မက်မဟုတ်ဘူး
၁၈း၄၅ အင်္ဂလိပ်စကားပြောကြမယ် (ရွှေမင်းဝန် ဦးဘုန်းမြင့်)
Better English
၁၉း၁၅ ဓာတ်လမ်းပမာနားဆင်စရာ (ပွဲတင်သံ)
၁၉း၄၀ ခေတ်မရွေးသော တေးများ
(၁) ကိုယ့်ရပ်ဌာနေ
(၂) တစ်ကျော့နှစ်ကျော့တေးကိုသီ
(၃) လင်းလိုက်စမ်းပါကြယ်ကလေး
၂၀း၃၀ ခံစားနားဆင် မြန်မာတေးသံစဉ်
(၁) အမိုက်မလေး၄က်ငယ်
(၂) တစ်လောကလုံးအိပ်ခိုင်း ထားချင်တယ်
(၃) စိမ်း



## အခွန်ဆိုင်ရာပညာပေးဆွေးနွေးပွဲ ပဲခူး၌ကျင်းပ

**ပဲခူး ဇူလိုင် ၁၃**

အခွန်ဆိုင်ရာ ပညာပေးဆွေးနွေးပွဲအခမ်းအနားကို ဇူလိုင်၇ ရက် နံနက် ၉နာရီက ပဲခူးမြို့ သီရိဥယျာဉ်ခန်းမတွင် ကျင်းပရာ ပဲခူးခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအောင်မင်းက အဖွင့်အမှာစကား ပြောကြားသည်။

**မေးမြန်း**

ထို့နောက်ပဲခူးတိုင်း အခွန်ဦးစီးဌာန ဦးကိုကိုအေးက အခွန်ဆိုင်ရာ ပညာပေး ဆွေးနွေးရှင်းလင်းပြီး **(အပေါ်ဝဲပုံ)**ဆွေးနွေးပွဲသို့ တက်ရောက်လာကြသည့် လုပ်ငန်းရှင်များက မရှင်းလင်းသည့်အချက်များ မေးမြန်းဆွေးနွေးကြသည်။

ယင်းဆွေးနွေးပွဲသို့ ပဲခူးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး အောင်မင်းနှင့်အဖွဲ့ဝင်များ၊ ပဲခူးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးကျော်ဝင်းနှင့် အဖွဲ့ဝင်များနှင့် လုပ်ငန်းရှင်များ တက်ရောက်ကြကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

**မော်လမြိုင်မြို့ ကျိုက်သလွံ့စေတီတော်ပရိဝုဏ်အတွင်း ဘက်စုံပြုပြင်တည်ဆောက်ရန်အတွက် ဇွန် ၁၈ရက်က ဒေါ်ကြွေကြွေ(ခ) ဒေါ်အေးအေးကြူ ငါးနှစ်မြောက်အား ရည်စူး၍ မော်လမြိုင်မြို့ ဒိုင်းဝန်ကွင်းရပ်နေ ဒေါက်တာကျော်လွင်၊ သားသမီးမြေးတစ်စုက ငွေကျပ် တစ်သိန်း ပေးအပ်လှူဒါန်းရာ ဘုရား ဂေါပကအဖွဲ့ ဘဏ္ဍာရေးမှူး ဦးခင်မောင်ဝင်းက လက်ခံယူစဉ်။** (၁၆၈)



## မြေအောက်ရေ အသက်အာမခံလုပ်ငန်းဆိုင်ရာရှင်းလင်း

**မတ္တရာ ဇူလိုင် ၈**

မန္တလေးတိုင်း မြန်မာ့အာမခံလုပ်ငန်းမှ မြွေအန္တရာယ် အသက်အာမခံ လုပ်ငန်းဆိုင်ရာ ရှင်းလင်းဆွေးနွေးပွဲကို ဇွန် ၂၂ရက် နံနက် ၁၀နာရီက မတ္တရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမတွင် ကျင်းပသည်။

**ရှင်းလင်းပြောကြား**

ရှေးဦးစွာ မြို့နယ်အဖွဲ့ဝင် (၂) ဦးလင်းကြည်က အဖွင့်အမှာစကား ပြောကြားပြီး မြန်မာ့အာမခံလုပ်ငန်းတိုင်းမန်နေဂျာ ဗိုလ်ကြီးကြည်စိန်ဝင်းက မြန်မာ့အာမခံ လုပ်ငန်း၏ အနှစ်သာရများ၊ ရည်ရွယ်ချက်များနှင့် လုပ်ငန်းများ၊ မြွေအန္တရာယ်အသက်အာမခံထားရှိရေးနှင့် အခွင့်အလမ်းဆိုင်ရာများကို အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

အဆိုပါရှင်းလင်းပွဲသို့ မြို့နယ် အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်ကွက်နှင့် ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့်ရပ်ကွက်နှင့် ကျေးရွာများမှ စာရေးဝန်ထမ်းများ တက်ရောက်ကြကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

### ရေစုကန်တည်ဆောက်

**ထားဝယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ မျှော်အင်းကန်ရေပေးရေးအတွက် ရေစုကန်တည်ဆောက်ခြင်းကို ဇူလိုင် ၁ရက်က အမှုဆောင်အရာရှိဒုတိယညွှန်ကြားရေးမှူးဦးကြည်သန်းနှင့် တာဝန်ခံအင်ဂျင်နီယာတို့ကြီးကြပ်ဆောင်ရွက်ပေးစဉ်။**

(မြို့နယ်စည်ပင်)



## ခြံစည်းရိုးကြက်ဆူပင် စုပေါင်းစိုက်ပျိုးပွဲ တာချီလိတ်၌ကျင်းပ

**တာချီလိတ် ဇူလိုင် ၄**

မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် တာချီလိတ်ခရိုင်၊မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ကကြီးမှူး၍ ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးပွဲကို ဇွန် ၂၆ ရက် နံနက် ၇ နာရီက မကာဟိုခမ်း(ယာမြေ) ရပ်ကွက် သံဃာ့ဆေးရုံအနီး၌ ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားတွင် ခရိုင်အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်သူသူမင်းစံ၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ရင်ရင်မြင့်၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်တင်အေးကြည်နှင့် အဖွဲ့ဝင်များ၊ ရပ်ကွက်အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးမောင်မောင်ချိုနှင့် ဝန်ထမ်းများ တက်ရောက်၍ ခြံစည်းရိုးကြက်ဆူပင်ပျိုးပင် တစ်ကေတွင် စုပေါင်းစိုက်ပျိုးကြကြောင်း သိရသည်။**(အောက်ပုံ)** **(ခရိုင် ပြန်/ဆက်)**



## အမရပူရမြို့နယ်၌ မိုးစပါး မနောသုခမျိုးစိုက်ပျိုး

မြစ်ငယ် ဇူလိုင် ၇

**မန္တလေးတိုင်း မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ဒုတိယမန်နေဂျာ ဦးကျော်တင့်နှင့်အဖွဲ့သည် ဇွန် ၂၂ ရက် နံနက် ၈ နာရီက အမရပူရမြို့နယ် ဆောက်တောဝကျေးရွာအုပ်စု ကွင်းအမှတ် ၅၈၀ သို့ ရောက်ရှိပြီး ၂၀၀၆-၂၀၀၇ ခုနှစ် မိုးစပါးအစောစိုက် မနောသုခမျိုးစိုက်ပျိုးနေမှုများကို ကြည့်ရှုစစ်ဆေးသည်။**

ရှေးဦးစွာ တိုင်းစိုက်ပျိုးရေး ဒုတိယမန်နေဂျာ ဦးကျော်တင့်နှင့်အဖွဲ့သည် တောင်သူ ဦးကျော်ဆွေ၏ အစောစိုက်မနောသုခ မိုးစပါးကောက်ကွက်တွင် စိုက်ကိရိယာဖြင့် အစေ့ချ နှစ်ကေ စိုက်ပျိုးနေမှုများကို လည်းကောင်း၊ တောင်သူ ဦးကျော်ဖံ၏ မနောသုခ မိုးစပါး ရှစ်ကေတွင် စိုက်ပျိုးနေမှုများကို လည်းကောင်း ကြည့်ရှုစစ်ဆေးကြသည်။

အမရပူရမြို့နယ် ၂၀၀၆-၂၀၀၇ ခုနှစ်တွင် မိုးစပါး လျာထားကေ ၁၅၂၀၁ ကေ စိုက်ပျိုးမည်ဖြစ်ရာ ယနေ့အထိ ပျိုးထောင်ပြီး ကေ ၄၁၅၀ ရှိပြီး စိုက်ပြီး ကေ ၃၂၅၀ ဖြစ်ကြောင်း သိရသည်။ **(၂၀၉)**



## မြန်မာအမျိုးသမီးများနေ့ဂုဏ်ပြု ကြက်ဆူပင်စုပေါင်းစိုက်ပျိုး ရေတာရှည်ပြည်သူ့ဆေးရုံဝင်း၌ သန့်ရှင်းရေးဆောင်ရွက်

ရေတာရှည် ဇူလိုင် ၁၀

**မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးပွဲနှင့် မြို့နယ်ပြည်သူ့ဆေးရုံဝင်းအတွင်း သန့်ရှင်းရေးဆောင်ရွက်ခြင်းကို ဇူလိုင် ၃ ရက် နံနက် ၇ နာရီက ရေတာရှည်မြို့တောင်ဘက် မြေတစ်ကေနှင့် ပြည်သူ့ဆေးရုံဝင်းအတွင်းတွင် တစ်ပြိုင်နက်ကျင်းပသည်။**

ခြံစည်းရိုးကြက်ဆူစိုက်ပျိုးပွဲတွင် မြို့နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အဖွဲ့ဝင်များစုပေါင်း၍ ခြံစည်းရိုးကြက်ဆူပင်ပေါင်း ၁၀၀၀ ကို စိုက်ပျိုးကြသည်။

အလားတူ ပြည်သူ့ဆေးရုံဝင်းအတွင်း သန့်ရှင်းရေး ဆောင်ရွက်ခြင်းနှင့် ခြံစည်းရိုးကြက်ဆူပင်များကို လူမှုရေး အဖွဲ့အစည်းဝင်များက စုပေါင်း စိုက်ပျိုးကြသည်။

**အားပေး**

အဆိုပါ ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးပွဲနှင့်သန့်ရှင်းရေးဆောင်ရွက်ရာသို့ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်သန်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ်ဆရာဝန်နှင့် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူး ဦးသိန်းမြင့်ထွန်းနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးကြကြောင်း သိရသည်။ **(က-ပ)**

### တံတားပြုပြင်

**ရှမ်းပြည်နယ် (တောင်ပိုင်း) ပင်လုံမြို့ အမှတ် (၂) ရပ်ကွက် သခင်မြလမ်း ကွန်ကရစ်တံတား ပြုပြင်ခြင်းလုပ်ငန်းကို ဇွန် ၃၀ ရက်က မြို့နယ် စည်ပင်သာယာရေးအဖွဲ့ တာဝန်ခံ ဦးစီးအရာရှိ ဦးသစ်ထူးမြင့် ကြီးကြပ်ဆောင်ရွက်ပေးစဉ်။**

(နယ်စပ် /စည်ပင်)



## မြင်းကကုန်း၌ ခြံစည်းရိုးကြက်ဆူပင် စုပေါင်းစိုက်ပျိုး

**ဘိုကလေး ဇူလိုင် ၆**

ခြံစည်းရိုးကြက်ဆူပင်များ စုပေါင်းစိုက်ပျိုးပွဲကို ဇွန် ၂၈ရက် မွန်းလွဲ ၂နာရီက ဘိုကလေးမြို့နယ် မြင်းကကုန်းကျေးရွာ ကျန်းမာရေးဌာနရှေ့တွင် ကျင်းပရာ ကျေးရွာအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးစိုးမင်းနှင့်အဖွဲ့ဝင်များ၊ ကျေးရွာအမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်သန်းသန်းဝင်းနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ကျေးရွာပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းစည်းရုံးရေးမှူးနှင့်အသင်းဝင်များ၊ ကျေးရွာမီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့၊ အထကကျောင်းအုပ် ဆရာမကြီးနှင့် ကျောင်းသားကျောင်းသူများစုပေါင်း၍ စိုက်ပျိုးကြသည်။ **(ဝဲပုံ)** **(၀၂၀)**

## ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
## ဆက်သွယ်ရေး၊စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန
## မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း
## ငွေစာရင်းဌာန၊ရန်ကုန်မြို့
## တယ်လီဖုန်း သုံးစွဲသူများ သိသာရန်

ရန်ကုန်မြို့တွင် ၂၀၀၆ခုနှစ်၊မေလအတွက် တယ်လီဖုန်းအခွန်ငွေ တောင်းခံလွှာများကို ပေးဝေလျက်ရှိပါသည်။ ငွေတောင်းခံလွှာမရရှိပါက မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း တယ်လီဖုန်းအခွန်ငွေ လက်ခံစခန်းများတွင် ငွေတောင်းခံလွှာမိတ္တူများကို အခမဲ့တောင်းယူ၍ ငွေပေးသွင်းနိုင်ကြပါသည်။

အခွန်ငွေများကို လစဉ်ပေးသွင်းခြင်းမပြုလိုသူများအတွက် ကြိုတင်ငွေပေးသွင်းသည့်စနစ်ကို ကျင့်သုံးလိုပါက တစ်လပျမ်းမျှကျသင့်ငွေ၏ အနည်းဆုံး ၃လစာကို ကြိုတင်ငွေအဖြစ် ပေးသွင်းထားနိုင်ပါသည်။ လစဉ်ငွေတောင်းခံလွှာပါ ကျသင့်ငွေကို ကြိုတင်ပေးသွင်းထားငွေမှ ခုနှိမ်ပေးမည်ဖြစ်ပါသည်။

အသေးစိတ်သိလိုပါက မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ ငွေစာရင်းဌာန အမှတ်(၄၆၅/၄၆၉)၊မဟာဗန္ဓုလလမ်း၊ရန်ကုန်မြို့၊ ဖုန်း-၂၅၄၅၆၃၊၂၅၄၅၆၅နှင့် ဖုန်းအမှတ် (၁၀၄)သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း။**

### မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁ယ/၁၇၈၆၄ Honda C 90 Custom Cms ယာဉ် လက်ဝယ်ရှိသူအမည် ဦးလှမော် မှတ်ပုံတင်အမှတ် ၉/ပသက(နိုင်) ၀၄၇၂၆၅ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း၊ မြောက်ပိုင်း) မန္တလေးမြို့။**

### မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် မတလ/၇၉၅၈၂ Anbo 125 mc ယာဉ် လက်ဝယ်ရှိသူအမည် ဒေါ်နု မှတ်ပုံတင်အမှတ် ၉/မရတ(နိုင်)၀၇၂၅၇၉ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက် အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။**ကညန၊ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)မန္တလေးမြို့။**

### မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ယ/၇၃၀၀၀ Yamaha DT 125 ယာဉ် လက်ဝယ်ရှိသူအမည်ဦးရဲကျော်သူ မှတ်ပုံတင်အမှတ် ၈/မကန(နိုင်) ၀၂၇၉၃၉ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)မန္တလေးမြို့။**

FAME ဆယ်ပင်အားဆေး Completec®

### ရောင်းချရန်ကြော်ငြာစာ
### (တရားမကျင့်ထုံးကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆) စစ်ကိုင်းတိုင်းတရားရုံး
### ၂၀၀၆-ခုနှစ် တရားမဇာရီမှုအမှတ်-၃၀

| | | |
|---|---|---|
| မန်နေဂျာ<br>မြန်မာ့စီးပွားရေးဘဏ်<br>စစ်ကိုင်းမြို့။ | နှင့် | ၁။ ဦးခင်မောင်ရွှေ<br>၂။ ဒေါ်ဝင်းရီ |
| **တရားနိုင်** | | **တရားရှုံး** |

စစ်ကိုင်းတရားရုံး တရားမကြီးမှုအမှတ်-၈၂/၂၀၀၀တွင် ကျရောက်သော ဒီကရီအရ အောက်ဖော်ပြပါပစ္စည်းများကို ၂၀၀၆ခုနှစ် စက်တင်ဘာလ ၁ ရက်နေ့၊ (၁၃၆၈ ခုနှစ် တော်သလင်းလဆန်း ၁၀ ရက်နေ့)နံနက် ၁၀ နာရီ အချိန်တွင် ပစ္စည်းတည်ရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

**လေလံတင်ရောင်းချမည့်ပစ္စည်းစာရင်း**

စစ်ကိုင်းမြို့၊ရွာထောင်ရပ်၊အကွက်အမှတ်၁၂၊ ဦးပိုင်အမှတ် ၅၇/က၊ ဧရိယာ ၀ဒသမ၀၃၀ ဧကရှိဂရန်မြေနှင့် ယင်းမြေပေါ်ရှိ ၉ x ၃ ၁/၂ ပေနှင့် (၂၅ပေx၁၇ပေ)၊သွပ်မိုး၊ အုတ်နံကပ်ကွန်ကရစ်ခင်း တစ်ထပ်၊ လူနေအိမ်နှင့် ၂၃ ပေ x ၁၀ ၁/၂ ပေ၊ ဝါးကပ်မိုး၊ ဝါးထရံကာနှင့် မြေခင်းဂိုဒေါင် အဆောက်အအုံနှင့် ကျန်အဆောက်အအုံများအားလုံး။

**(အထက်ပါပစ္စည်းများ၏ လေလံတင်ကြမ်းခင်းဈေးမှာ ကျပ် ၄၅ သိန်းတိတိဖြစ်သည်။)**

**လေလံစည်းကမ်းချက်များ**

(၁) ပစ္စည်းစာရင်းတွင်ဖော်ပြထားသော အချက်များမှာ လျှောက်ထားသူက တရားရုံးသို့ တင်ပြချက်အရ သိရှိသမျှဖြစ်သည်။ မှားယွင်းခြင်း၊ကြွင်းကျန်ခြင်းတစ်ခုခု ပေါ်ပေါက်ပါက တရားရုံးက တာဝန်ယူမည်မဟုတ်ပါ။

(၂) လေလံတင်ရောင်းချသည့်နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်းရောင်း ချမည်ဖြစ်သည်။

(၃) လေလံတင်ရောင်းချပြီး မရွေ့မပြောင်းနိုင်သည့်ပစ္စည်းအတွက် လေလံတင်ဆွဲ ဝယ်သူအား ငွေကျပ် ၁၀၀လျှင် ၂၅ ကျပ်ကို လေလံဆွဲဝယ်သည်နှင့်တစ်ပြိုင်တည်း နေ့ခြင်းပေးသွင်းရမည်။

(၄) လေလံကျန်ငွေများကို လေလံတင်ရောင်းချသည့်နေ့ကိုပယ်၍ ၁၅ရက်မြောက်နေ့တွင် တရားရုံးသို့ အပြေအကျေပေးသွင်းရမည်။ ၁၅ရက်မြောက်နေ့တွင် ရုံးပိတ်ရက်ဖြစ်ပါက ပထမရုံးဖွင့်သည့်နေ့တွင် ပေးသွင်းရမည်။ အထက်ပါအတိုင်း ပေးဆောင်ရန် ပျက်ကွက်ပါက ပစ္စည်းကို တစ်ဖန်ပြန်၍ လေလံတင်ရောင်းချလိမ့်မည်။ ပေးသွင်းထားသည့် လေလံငွေများကိုလည်း ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။

၂၀၀၆ ခုနှစ် ဇူလိုင်လ ၅ ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးပေးလိုက်သည်။

**စိုးသိန်း**
**တွဲဖက်တိုင်းတရားသူကြီး၊ စစ်ကိုင်းတိုင်းတရားရုံး။**

### မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် မတလ/၇၆၁၃၁ Luojin°°mc ယာဉ်လက်ဝယ်ရှိသူအမည် ဦးအောင်မျိုးမြတ် မှတ်ပုံတင်အမှတ် ၉/အမဇ(နိုင်)၀၁၅၃၂၁ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ခရိုင်ရုံး(မန္တလေးတောင်ပိုင်း) မန္တလေးမြို့။**

### မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁ယ/၁၈၅၄၄ Honda Dream C-100 ယာဉ်လက်ဝယ်ရှိသူအမည် ဒေါ်မြကေသီမှတ်ပုံတင်အမှတ် ၉/မနမ(နိုင်)၁၂၂၄၁၅က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက် နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း၊မြောက်ပိုင်း) မန္တလေးမြို့။**

### မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် မတလ/ ၉၉၇၃၃ Loncin 110 mc ယာဉ်လက်ဝယ်ရှိသူအမည် ဦးသန်းကျော် မှတ်ပုံတင်အမှတ် ၅/စကန(နိုင်)၁၀၁၇၂၅က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက် နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း) မန္တလေးမြို့။**

### မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ယ/၈၆၇၄၂ Honda C-90 Castom ယာဉ်လက်ဝယ်ရှိသူအမည် ဒေါ်သီတာ မှတ်ပုံတင်အမှတ် ၉/မနမ(နိုင်) ၀၈၃၀၅၅ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက် နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း၊မြောက်ပိုင်း) မန္တလေးမြို့။**



**ဇူလိုင် ၅ ရက်က သဃ်န်းကျွန်းမြို့နယ် ၈/တောင်ရပ်ကွက် အတွင်းရှိ ဥက္ကလာဦးစေတီတော်အား လုံးတော်ပြည့် ကြေးနှင့်ရွှေ သင်္ကန်းများကပ်လှူပူဇော်ရန်အတွက် ၈/တောင်ရပ်ကွက် ဘုရားလမ်းနေ ဒေါ်သောင်းရှင် မိသားစုက ငွေကျပ်တစ်သိန်းကို လှူဒါန်းရာ ရွှေသင်္ကန်းဖြစ်မြောက်ရေးအဖွဲ့ တာဝန်ခံဂေါပကတွဲဖက်အတွင်းရေးမှူး ဦးမောင်မောင်စိုးက လက်ခံယူစဉ်။** (၀၅၂)



## ပန်းတစ်ပွင့်တောင်ဘုန်းတော်ကြီးသင်ပညာရေးကျောင်းသို့ ဝါဆိုသင်္ကန်းနှင့်ပညာရေးရန်ပုံငွေများ စုပေါင်းလှူဒါန်း

ရန်ကုန် ဇူလိုင် ၁၈

**ရန်ကုန်မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ် ပန်းတစ်ပွင့်တောင် ဘုန်းတော်ကြီးသင် ပညာရေးကျောင်း(အထက်တန်း)သို့ နယ်မြေခံ တပ်နယ် မိသားစု၊ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီနှင့် ဌာနဆိုင်ရာများက စုပေါင်း၍ ဝါဆိုသင်္ကန်းနှင့် ကျောင်းသုံးစာရေးကိရိယာများ၊ ပညာရေးရန်ပုံငွေများ စုပေါင်းပေးအပ် လှူဒါန်းပွဲအခမ်းအနားကို ဇူလိုင် ၁၅ ရက် မွန်းလွဲ ၁ နာရီက ပန်းတစ်ပွင့်တောင် တောရသာသနာ့နယ်မြေ ပဓာနနာယကချုပ်ဆရာတော် သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ပညာသာရ၏ ထေရာဝါသပဋ္ဌရီစံကျောင်းတော်၌ ကျင်းပသည်။**

ယင်းနောက် ပန်းတစ်ပွင့်တောင် တောရ သာသနာ့ နယ်မြေ ပဓာန နာယကချုပ် ပန်းတစ်ပွင့်တောင် ဘုန်းတော်ကြီးသင်ပညာရေးကျောင်း(အထက်တန်း) ကျောင်းအုပ် ဆရာတော်နှင့် သံဃာတော်များအား နယ်မြေခံ တပ်နယ် မိသားစု၊ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၊ မြို့နယ်ပညာရေး၊ မြို့နယ်ရဲတပ်ဖွဲ့နှင့် မြို့နယ်မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း မိသားစုတို့က ဝါဆိုသင်္ကန်းများကို ဆက်ကပ်လှူဒါန်းကြပြီး ငွေကျပ် သုံးသိန်းကျော်တန်ဖိုးရှိ ကျောင်းသုံးစာရေးကိရိယာများနှင့် ပညာရေးရန်ပုံငွေကျပ် ခုနစ်သောင်းငါးထောင်တို့ကို နယ်မြေခံ တပ်နယ်မှ ဗိုလ်မှူးကြီး ဝင်းမောင်နှင့် ဇနီး ဒေါ်မြင့်မြင့်ကြည် **(အပေါ်ပုံ)**၊မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ မြို့နယ် ရဲတပ်ဖွဲ့မှူး၊မြို့နယ်ပညာရေးမှူး၊ ကျောင်းအုပ်ကြီးများနှင့် အလှူရှင်များက ဆက်ကပ်လှူဒါန်းကြသည်။ **(သတင်းစဉ်)**

## မဟာဒွါရဂိုဏ်းဆရာတော်ကြီးများအားပူဇော်

**ရန်ကုန် ဇူလိုင် ၁၈**

မဟာဒွါရဂိုဏ်းဝင်သက်တော်ရှည်ဆရာတော်ကြီးများ ဝါဦးပူဇော်ကန်တော့ပွဲနှင့် ဩဝါဒခံယူပွဲကို ဇူလိုင် ၁၆ရက် မွန်းလွဲ ၂နာရီက ရန်ကုန်တိုင်း ရန်ကင်းမြို့နယ် ကျောက်ကုန်းမဟာဗောဓိလမ်း မဟာဓမ္မိကာရုံ ပရိယတ္တိစာသင်တိုက်(ကျိုက်ပိကျောင်း)အတွင်း မဟာဝိဇယကာရီ ဗိမာန်တော်၌ ကျင်းပသည်။

**ပူဇော်**

ရှေးဦးစွာ အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆိုဘုရားကန်တော့ဖွင့်လှစ်ပြီး သက်တော်ရှည်ဆရာတော်ကြီး လေးပါးအား မဟာဒွါရဂိုဏ်းဝင် သံဃာတော်များနှင့် တပည့်ဒါယကာဒါယိကာမများက လှူဖွယ်ဝတ္ထုအစုစုတို့ဖြင့် လှူဒါန်းပူဇော်ကန်တော့ကြသည်။

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတနှင့် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ အစိုးရဓမ္မာစရိယပါဠိပါရဂူ ရန်ကုန်တိုင်း မဟာဒွါရဂိုဏ်း အနုနာယကဆရာတော် သီရိဘဒ္ဒန္တ ဂုဏေသနက ဆရာတော်ကြီးများကိုယ်စား ဩဝါဒကထာမြွက်ကြားပြီး ဗိုလ်မှူးစိုးနိုင်အား ရည်စူး၍ ရန်ကုန်မြို့ မဟာဗန္ဓုလလမ်းနေ ဒေါ်နွဲ့နွဲ့တင် မိသားစုက လှူဖွယ်ဝတ္ထုများ ဆက်ကပ်ကြောင်း သိရသည်။ **(က-ပ)**

**ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန နယ်လှည့်စာကြည့်တိုက် နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲဖွင့်ပွဲကို ဇူလိုင် ၁၂ ရက်က ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမှတ်(၃၀)ရပ်ကွက် ပညာရိပ်မွန် စာကြည့်တိုက်ရှေ့တွင် ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးဒေါ်လှလှဌေးနှင့် ရပ်ကွက်အဖွဲ့ဝင်(၂) ဦးဝင်းရွှေတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။** (မြို့နယ်ပြန်/ဆက်)

**ဆိပ်ကမ်းမြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူး၍ ဆယ်အိမ်စုမှူး မြို့နယ်အဆင့် ဆင့်ပွားသင်တန်းဖွင့်ပွဲ အခမ်းအနားကို ဇွန် ၂၂ ရက်က ဆိပ်ကမ်းမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ကျင်းပရာ ရန်ကုန်အနောက်ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်နီနီစိန်က အဖွင့်အမှာစကားပြောကြားစဉ်။** (မြို့နယ် ပြန်/ဆက်)



**လှိုင်သာယာမြို့နယ် အထက (၂)၌ ကျောင်းနှင့် ဝန်းကျင်စိမ်းလန်းစိုပြည်ရေးနေ့ သစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၁၆ ရက်က ကျင်းပရာ ကျောင်းအုပ် ဆရာမကြီးဒေါ်ခင်ဌေးနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ စုပေါင်းသစ်ပင် စိုက်ပျိုးကြစဉ်။** (ပညာရေး)




## သာစည်အသင်း(ရန်ကုန်)ဝါဆိုသင်္ကန်းကပ်လှူပွဲနှင့် သင်းလုံးကျွတ်အစည်းအဝေးကျင်းပမည်

ရန်ကုန် ဇူလိုင် ၁၈

**နှစ်စဉ်ကျင်းပမြဲဖြစ်သော သာစည်မြို့နယ်မှ ဆရာတော်များအား ဝါဆို သင်္ကန်းဆက်ကပ်လှူဒါန်းပွဲနှင့် သာစည်မြို့နယ်အသင်း(ရန်ကုန်)၏ သင်းလုံးကျွတ်အစည်းအဝေးကို ဇူလိုင် ၂၃ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ရန်ကုန်တိုင်း ရန်ကင်းမြို့နယ် အောင်ချမ်းသာကျောင်းတိုက်၌ ကျင်းပမည်ဖြစ်ရာ သာစည်မြို့နယ်သူ မြို့နယ်သားများ မပျက်မကွက် တက်ရောက်ကြရန် နှိုးဆော်ထားကြောင်း သိရသည်။** (က-ပ)



19-7 (17).p65 1 1/21/32, 9:52 PM

# စက်မှုတိုးတက်သော နိုင်ငံကြီးများ ယခင်က မိမိတို့ကဲ့သို့ပင် စတင်ခဲ့ကြပြီး စက်မှုထွန်းကားလာ
# နိုင်ငံတော်အစိုးရက စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး စက်မှုဇုန်များ ထူထောင်ပြီး အားပေးကူညီ
# စက်မှုကဏ္ဍဖွံ့ဖြိုးရေး ငွေကြေးနှင့် လူ့စွမ်းအားအရင်းအမြစ်များ အဓိကလိုအပ်
# ပညာရှင် လူ့စွမ်းအားအရင်းအမြစ်များ လုံလုံလောက်လောက်ရရှိရေး လေ့ကျင့်သင်ကြားပေး

**နေပြည်တော် ဇူလိုင် ၁၈**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာ အကြီးအကဲများနှင့်အတူ ဇူလိုင် ၁၅ ရက် မွန်းလွဲ ၂ နာရီတွင် တပ်မတော်ရဟတ်ယာဉ်များဖြင့် ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်မြို့သို့ ရောက်ရှိကြသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အဖွဲ့ဝင်များအား အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်၊ လွိုင်လင်တပ်နယ်မှ တပ်မတော်အရာရှိကြီးများနှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြိုဆိုကြသည်။

## လှည့်လည်ကြည့်ရှု

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်နှင့် လွိုင်လင်တပ်နယ်မှ ဗိုလ်မှူးကြီးတင်ဌေးတို့ လိုက်ပါလျက် မော်တော်ယာဉ်များဖြင့် လွိုင်လင်မြို့၏ ဖွံ့ဖြိုးတိုးတက်မှုနှင့် သန့်ရှင်းသာယာလှပမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ အတွင်းရေးမှူး(၁)နှင့်အဖွဲ့ဝင်များသည် ပင်လုံမြို့ရှိ မဟာရဋ္ဌာဘိသာမဂ္ဂီစေတီတော်အား သွားရောက်ဖူးမြော်ကြရာ စေတီတော်ဂေါပကအဖွဲ့ဝင်များ၊ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ဓမ္မစကြာဝတ်အသင်းသူများက ကြိုဆိုကြသည်။

## ဖူးမြော်ကြည်ညို

ရှေးဦးစွာ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်သည် စေတီတော် သောကြာထောင့်ရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပန်း၊ ရေချမ်းနှင့် ဆီမီးတို့ဖြင့် ဆက်ကပ်လှူဒါန်းပြီး ဂန္ဓကုဋိတိုက်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်များအား လက်ယာရစ်တစ်ပတ် လှည့်လည်ဖူးမြော်ကြည်ညိုသည်။

ထို့နောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အဖွဲ့ဝင်များသည် စေတီတော်ဂေါပကအဖွဲ့၏ ဩဝါဒသည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးကြပြီး အလှူတော်ငွေများကို ပေးအပ်လှူဒါန်းကြသည်။

*စာမျက်နှာ ၇ ကော်လံ ၁* ■



နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တောင်ကြီးမြို့နယ် အေးသာယာ စက်မှုဇုန်ရှိ ခေတ်မီသံရည်ကျိုစက်ရုံတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

# နေပြည်တော်–သာစည်–မိတ္ထီလာ–မြင်းခြံ–နေပြည်တော် အမြန်ရထားစတင်ပြေးဆွဲ
# သာစည်–ကွမ်းခြံရိုး မြို့ရှောင်ရထားလမ်းဖွင့်ပွဲ အခမ်းအနား သာစည်ဘူတာ၌ကျင်းပ
# နေပြည်တော်–သာစည်–မိတ္ထီလာ–မြင်းခြံ အချိန်တိုအတွင်းသွားလာနိုင်ကြပြီ

**နေပြည်တော် ဇူလိုင် ၁၈**

နေပြည်တော်–သာစည်–မိတ္ထီလာ–မြင်းခြံ–နေပြည်တော် အမြန်ရထား စတင်ပြေးဆွဲခြင်း အခမ်းအနားကို ဇူလိုင် ၁၆ ရက် နံနက် ၈ နာရီတွင် နေပြည်တော်ရှိ ပျဉ်းမနားဘူတာ၌ ကျင်းပရာ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း တက်ရောက်အားပေးချီးမြှင့်ပြီး ခရီးသွားပြည်သူများအား အမြန်ရထားစတင်ပြေးဆွဲခြင်း အထိမ်းအမှတ်လက်ဆောင်ပစ္စည်းများကို ပေးအပ်သည်။

*စာမျက်နှာ ၁၂ ကော်လံ ၁* ●

## ဖဲကြိုးဖြတ် ဖွင့်လှစ်ပေး

**အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းနှင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းတို့ သာစည်–ကွမ်းခြံရိုး မြို့ရှောင် ရထားလမ်းကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။**
(သတင်းစဉ်)



